# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

**ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ) ကျော်ကို လက်ခံရရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖



ယနေ့ ဖတ် စ ရာ

**အမေရိကန်သမ္မတ ရွေးကောက်ပွဲ ကြိုတင်မဲပေးခြင်းစတင်** — နိုင်ငံတကာသတင်း | စာ ၁၃

**ပညာပြည့်စေ၊ နှလုံးလှစေ၊ ကောင်းကျိုးတည်စေ ( ၁ )** — ဆောင်းပါး | စာ ၁၆

**နိုင်ငံ့ကူးလက်မှတ်လျှောက်ထားမှုများအတွက် ဆောလျင်စွာ ပြန်လည်ထုတ်ပေးသွားမည်ဟု ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ** — ပြည်တွင်းသတင်း | စာ ၂၁



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၈ ရက်သာ လိုတော့သည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

❖ *ရှေ့ဖုံးမှ*

ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင် ကျော်လွှားကြမည်"** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများအသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဦးဝဏ္ဏမောင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့်လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စိတ်စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် အလွန်အင်အားပြင်းထန်သည့်မုန်တိုင်းတစ်ခုဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

❖ **နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်၊ သဘာဝဘေးဒဏ်ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန် လိုအပ်မည်ဖြစ်၊ မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

ပြီး ထိခိုက်ပျက်စီးမှုများသည်လည်း အလွန်များပြားခဲ့ကြောင်း၊ မုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို နိုင်ငံတကာမှထုတ်ပြန်သည့် သတင်းများအရ သိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ဘင်္ဂလား ပင်လယ်အော်၌လည်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုများကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများ တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သော နှစ်ပေါင်း၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့် အခြေအနေ မကြုံတွေ့ခဲ့ဖူးကြောင်းကို သိရှိရကြောင်း၊ ညအချိန်မိုးရွာသွန်းမှု များပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ထိခိုက်မှုများပြားခဲ့ရခြင်း ဖြစ်ကြောင်း။

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ခြောက်ပုံ တစ်ပုံ(၁၆ ရာခိုင်နှုန်း)ခန့် ရေကြီးခဲ့ကြောင်း၊ ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အဦပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ
အဆောက်အဦ ပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အဦပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့ကြောင်း၊ နေပြည်တော်မှ ၁၆၄ ဦး၊ ကရင်ပြည်နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃၄ ဦး၊ ရှမ်းပြည်နယ်မှ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးဖြစ်ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့ကြောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့ကြောင်း၊ လျှပ်စစ်မီးတိုင် ၂၄၈၉ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန် သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်သည် အားလုံးအတွက် အခက်အခဲများ ကိုယ်စီဖြစ်ပေါ်လျက်ရှိသည့် အချိန်ဖြစ်သော်လည်း အလှူငွေများ များစွာထည့်ဝင်ခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ အလားတူ ရေဘေးသင့်ပြည်သူများကိုလည်း အားလုံးမှ ဝိုင်းဝန်း၍လှူဒါန်းခြင်း၊ ကူညီကယ်ဆယ်ခြင်းများကိုလည်း အဆက်မပြတ် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာလူမျိုးများ၏ လှူချင်၊ တန်းချင်သည့် စိတ်များကြောင့် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရေရုတ်တရက် စီးဆင်းလာချိန်တွင် ရရာပစ္စည်းများကိုသာ ယူဆောင်လာရသဖြင့် အခက်အခဲများစွာရှိကြကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ် ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံး ပြန်လည်ထူထောင်မှု ပြုရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

စာမျက်နှာ ၅ မှ

ဆောင်ရွက်ရန် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ သွားရောက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် စနစ်တကျဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ရခြင်း ဖြစ်ကြောင်း။

ရေကြီး ရေလျှံမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများတွင် ကြမ်းခင်း (Bed Level) များမှာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပြီး သဲနုန်းများ အနည်ချမှု များပြားလာခြင်းကြောင့် ဖြစ်ကြောင်း၊ အချို့နေရာများတွင် တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိခြင်းနှင့် သစ်လုပ်ငန်းများမှ ထုတ်လုပ်သည့် သစ်များကို အချိန်မီသယ်ယူနိုင်ခြင်း မရှိခြင်းတို့ကြောင့် ရုတ်တရက် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေများကျဆင်းလာချိန်၌ ပျက်စီးမှုများကို ပိုမိုများပြားစေခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးဧက ခုနစ်သိန်းခန့် ပျက်စီးခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လယ်ယာများမှာ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပြုပြင်မှုများ များစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် အဆင်မပြေတော့သည့် စိုက်ဧကများ၌ နှမ်းသီးနှံများကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများအားလုံး အတန်းနှင့်လျော်ညီသည့် စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများနှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများကို နိုင်ငံတော်အစိုးရမှ အမြန်ဆုံးပြင်ဆင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်း။

ယခုဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှု မရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန် လိုကြောင်း၊ နေထိုင်မှုများ စည်းကမ်းတကျရှိပါက ထိခိုက်ပျက်စီးမှုများ နည်းနိုင်မည်ဖြစ်ပြီး အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကို ထိခိုက်စေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နေထိုင်မှုများစည်းကမ်းတကျရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ လှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားရာတွင် "စုပေါင်းအားနဲ့ ကျွန်တော်တို့ကျော်လွှားရမှာ ဖြစ်ပါတယ်၊ ဒီနေ့ ခင်ဗျားတို့ လှူတဲ့ ပိုက်ဆံက ၃၁ ဘီလီယံကျော်ဟာ နည်းတဲ့ ပိုက်ဆံ မဟုတ်ပါဘူး၊ ကျွန်တော် တော်တော်ကြီးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း ငွေသုံးရတာနဲ့ ပတ်သက်လို့ရှိရင်၊ သုံးချင်တိုင်းသုံးလို့လည်း မရပါဘူး၊ သုံးချင်သလို သုံးလို့ရှိရင် ဘတ်ဂျက်မှာလည်း သွားပြီးတော့ အများကြီး စကားပြောပါတယ်၊ ဒါကြောင့် ဒီနေ့လှူဒါန်းတဲ့ဟာက နိုင်ငံရဲ့ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်း တာဝန်ယူပေးလိုက်တာလည်း ဖြစ်ပါတယ်၊ ကျွန်တော် မှတ်ထားပါမယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့၊ မှတ်ထားပါမယ်၊ ကျွန်တော် တစ်ကယ်မျှော်လင့်တုန်းက သုံးလေးဘီလီယံလောက်ပဲမျှော်လင့်ပါတယ်၊ ထပ်လောင်းပြောရလို့ရှိရင်၊ သဒ္ဓါတရားထက်သန်စွာနဲ့ ဒီနေ့ငွေတွေလာလှူပေးကြတဲ့ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ကြောင်း ထပ်လောင်းပြီး ပြောပါရစေ၊ နောင်မှာလည်း တိုင်းပြည်ရဲ့ လိုအပ်ချက်တွေရှိလာတဲ့ အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အတိုင်းပဲ ဖြစ်အောင်သွားပါမယ်၊ ကျွန်တော်တို့ တကယ်တန်းပြောရလို့ရှိရင်တော့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်က ပြီးခဲ့တဲ့ ဟိုနှစ်နှစ်ကတည်းက ပြီးရမှာပါ၊ အကြောင်းအမျိုးမျိုးကြောင့် မပြီးဘူးဖြစ်သွားပြီးတော့ ဒီဘက်အထိ ရှည်လာတယ်၊ အဲ့ဒီတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပြီးအောင် အကောင်အထည်ဖော်ချင်ပါတယ်၊ ဒီအတွက်လည်း ဝိုင်းဝန်းကူညီပေးကြဖို့လည်း ပြောလိုပါတယ်၊ လာမယ့် အောက်တိုဘာလ တစ်ရက်နေ့မှာ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အစီအစဉ် ရှိပါတယ်၊ ဒီမှာလည်း အောင်မြင်အောင်လည်း ဝိုင်းကူညီပေးကြဖို့နဲ့ အဲ့ဒီက နောက်ဆက်တွဲက ကျွန်တော်တို့က ဒီအပေါ်မှာ အခြေခံပြီးတော့ မဲစာရင်းတွေပြုစုပြီးလို့ရှိရင် ရွေးကောက်ပွဲတွေ ကျွန်တော်တို့လုပ်ပြီးတော့ နိုင်ငံတော်ကို ပြည်သူရွေးချယ်တဲ့ လမ်းကြောင်းအတိုင်း သွားကြဖို့ပဲ ဖြစ်ပါတယ်၊ ဒီမှာလည်း ဝိုင်းဝန်းပါဝင်ပေးကြဖို့လည်း တိုက်တွန်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ) ကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။




နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

---

# ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်

**ပုသိမ် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သဘာဝဘေးဖြစ်လာပါက အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ ဘေးသင့်ပြည်သူများအတွက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့သည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးမိသားစုက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ စေတနာရှင် အလှူရှင်များ၊ ကုမ္ပဏီများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၃၅၂၂ ကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြကြောင်းသိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## တောင်ကြီးမြို့၌ ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၂၁**

တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။



အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ရှမ်းပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ် ကိုးခုတွင် ကြီးမားပြင်းထန်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့်(အရှေ့ပိုင်း)မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ယနေ့အထိ စာရင်းကောက်ယူလျက်ရှိရာ စာရင်းဇယားများအရ သေဆုံးသူ ၇၈ ဦး၊ ရေမျောပါ ပျောက်ဆုံးနေသူ ခုနစ်ဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦးရှိခဲ့ပြီး လူနေအိမ်များနှင့် အခြားအခြေခံအဆောက်အအုံများစွာ ထိခိုက်ပျက်စီးမှုကြုံတွေ့ခဲ့ရသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကမ္ဘောဇဘဏ်/ကမ္ဘောဇ (GROUP)၊ နဂါးနှစ်ကောင်ကုမ္ပဏီ(တာချီလိတ်)၊ စိုင်းလောင်ဟိန်းကုမ္ပဏီ (တာချီလိတ်)၊ မြို့မီးလင်းရေးဦးဆောင်ကော်မတီ(တာချီလိတ်)နှင့် ငွေရည်ပုလဲကုမ္ပဏီအုပ်စုတို့က ငွေကျပ်သိန်း ၁၀၀၀ စီကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ရွှေသတ္တုအလတ်စားခွင့်ပြုမိန့်ရကုမ္ပဏီ၊ BOC ၊ TGC Group Co,ltd တို့က ငွေကျပ်သိန်း ၅၀၀ စီကိုလည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်သိန်း ၅၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် Super Seven Stars Co,ltd မှ အလှူငွေကျပ်သိန်း ၃၀၀၊ New Star Light ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀၊ ဝင်းမြင့်မိုရ်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀ ၊ လမ်းဦးစီးဌာန(ရှမ်းတောင်)က အလှူငွေကျပ်သိန်း ၁၈၀ ၊ ပြည့်စုံဝင်းကုမ္ပဏီက ငွေကျပ်သိန်း ၁၅၀ ၊ Ever Shine Co,ltdမှ ငွေကျပ်သိန်း ၁၀၀ ၊ FOREVER ရေဝတီနှင့် မင်းဒင်ကုမ္ပဏီနှင့် စိန်နှင်းဆီကုမ္ပဏီတို့က အလှူငွေကျပ်သိန်း ၁၀၀ စီ၊ လမ်းကြီးကြပ်ရေးအဖွဲ့(၃)က အလှူငွေကျပ်သိန်း ၉၀၊ ကျေးလက်လမ်းဦးစီးဌာနက အလှူငွေကျပ်သိန်း ၆၀၊ UNI ENERGY Co,ltd၊ လွယ်မွေကုမ္ပဏီ၊ ပတ္တမြားနဂါးကုမ္ပဏီတို့က အလှူငွေကျပ်သိန်း ၅၀ စီ၊ ဦးအိုက်ဦးနှင့် သူငယ်ချင်းများ၊ ချမ်းမြေ့စိုးကုမ္ပဏီ၊ လင်းမြတ်နိုင်ကုမ္ပဏီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Shinning Myanmar ကုမ္ပဏီတို့က အလှူငွေကျပ်သိန်း ၅၀ စီ၊ Myanmar Belle group Co,ltd၊ Royal Taunggyi Co,ltd ၊ ချယ်ရီကွင်းဟိုတယ်တို့က အလှူငွေကျပ်သိန်း ၃၀ စီ ၊ ကံ့ကော်ဖူးဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၂၅ သိန်း၊ ချယ်ရီမြိုင်ကုမ္ပဏီ၊ ဦးဌေးဦး + ဒေါ်နီနီဝင်းမိသားစု(ရန်ကုန်)၊ ထိန်သာဟိုတယ်၊ Myanmar Padauk Co,ltd တို့က အလှူငွေကျပ်သိန်း ၂၀ စီ၊ အောင်မြေသံလွင်ကုမ္ပဏီ၊ ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမိသားစုတို့က အလှူငွေကျပ် ၁၀ သိန်းစီ ပေးအပ်လှူဒါန်းရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်များ ပါဝင်လှူဒါန်းမှုမှာ ငွေကျပ် ၁၇၈၁၅၀၀၀၀၀ (ကျပ်သိန်းတစ်သောင်းခုနစ်ထောင့်ရှစ်ရာတစ်ဆယ့်ငါးသိန်း) ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တောင်ငူခရိုင် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေများပေးအပ်

**တောင်ငူ စက်တင်ဘာ ၂၁**

တောင်ငူမြို့ ခပေါင်းခန်းမ၌ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရာဂီမုန်တိုင်းကြောင့် စစ်တောင်းရေမြင့်တက်ခဲ့ပြီး တောင်ငူခရိုင်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုအပေါ် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် တက်ကြွစွာပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုများအတွက် စေတနာရှင်ပြည်သူများ စုပေါင်း၍ ငွေကျပ် ၅၈၂၅၁၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တက်ရောက်လာသည့် အလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုတို့ဖြင့် ယာယီရေဘေး စခန်းအလိုက် နေ့စဉ်ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး၊ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦး၊ ဦး/ရေး/ထောက် (ပထမတန်း) ဒုတိယရဲမှူးကြီး မျိုးလွင်တို့ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်အင်အား ၁၃၀ တို့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ငွေလျှံကုန်းကျေးရွာရှိ ငွေလျှံကုန်း ဘုန်းကြီးကျောင်းတိုက် အတွင်းအပြင်၌ ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ 

သန်းသန်းနွယ်(ပုဗ္ဗ)

## စဉ့်ကိုင်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်

**စဉ့်ကိုင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က အ.ထ.က (စဉ့်ကိုင်)ရှိ သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ပြည့်ဖြိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေးသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော်  စက်တင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် China Southern Airlines လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OU YANG daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သီလဝါအထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့နှင့် ပြခန်းပြသမည့် တာဝန်ခံလုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။

**မြန်မာနိုင်ငံအနေဖြင့် ပြခန်း ၈၄ ခန်း ပြသမည်**

အဆိုပါ ကုန်စည်ပြပွဲကို ချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှု အကျိုးကျေးဇူးရရှိရန်၊ တရုတ်–အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ ၃.၀ ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန်နှင့် တရုတ်–အာဆီယံဒေသတွင်း အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် (၂၁) ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲတွင် ဆန်စပါးကဏ္ဍ၊ အာရေဗီကာကော်ဖီ (Arabica Coffee) ကဏ္ဍ၊ ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံကဏ္ဍ၊ လက်ဖက်ကဏ္ဍ၊ ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍ၊ သစ်သားထည်ကဏ္ဍ၊ လက်မှုအနုပညာကဏ္ဍနှင့် ကျောက်မျက်ကဏ္ဍတို့အတွက် ပြခန်းပေါင်း ၈၄ ခန်း ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။





ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)** ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း / တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ ရေဝင်ရောက်ခဲ့သည့်စာသင်ကျောင်းများ သန့်ရှင်းရေးဆောင်ရွက်နေမှုအားပေးကြည့်ရှု၍ ရေဘေးရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**လယ်ဝေး စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ နံနက် ၈ နာရီက နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ဟေမန်ကျေးရွာ မူလတန်းကျောင်း၌ မြစ်ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့် နုန်းနှင့်အမှိုက်များကို အမှတ်(၂) ရဲတပ်သားသစ် သင်တန်းကျောင်း (ဝက်ထီးကန်)မှ သင်တန်းသား ၅၀၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ရေကြီးနစ်မြုပ်ခဲ့သည့် ဟေမန်ကျေးရွာနေအိမ်များရှိ ရေတွင်းနှင့် လက်နှိပ်တွင်းများ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးခတ်ခြင်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုပြီး ရေနစ်မြုပ်ခဲ့သည့်နေအိမ်များရှိ ကျေးရွာပြည်သူများအား လိုက်လံအားပေး၍ ဟေမန်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၀ အိတ်နှင့်ဆီများ လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ညောင်ပင်အိုင်ကျေးရွာ မူလတန်းကျောင်း၌ နုန်းနှင့်အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ နဝကမ္မအလှူငွေ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းကာ ဓမ္မာရုံရှိ ဘို့ကိုးလုံး၊ ညောင်ပင်အိုင်၊ ပေါင်းလောင်း ကျေးရွာများမှ ရေဘေးရှောင်အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၁၉၅ ဦးအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၄၀၉၅၀၀ ကို ပေးအပ်သည်။

အလားတူ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ သာဝတ္တိ အင်းသာအရှေ့ကျောင်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေ၊ဆန်၊ ဆီ၊ သင်္ကန်းနှင့် လှူဖွယ်



ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ ဓမ္မာရုံရှိ လက်ပံတန်းကျေးရွာမှ ရေဘေးရှောင်မိသားစု ၄၆ စု၊ လူဦးရေ ၁၈၄ ဦးအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ စားသောက်ဖွယ်ရာများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၃၈၆၄၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲတက်ရောက်



**ရန်ကုန် စက်တင်ဘာ ၂၁**

ရာဂီမုန်တိုင်းနှင့် ဆက်စပ်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများ၏ လှူဒါန်းငွေများကို လက်ခံရယူပေးကြပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ပစ္စည်းတန်ဖိုး ငွေကျပ် ၈၄၄၇၆၂၇၆ ကျပ်၊ ငွေသားတန်ဖိုးငွေကျပ် ၇၂၂၆၇၂၄၀၀ စုစုပေါင်း ငွေကျပ် ၈၀၇၄၄၈၆၇၆ ကျပ်တိတိ ရရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၁**

ရာဂီမုန်တိုင်းကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ညနေပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။



ဦးစွာ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက ငွေကျပ်နှစ်ထောင့်ရှစ်ရာငါးဆယ့်ကိုးသိန်းရှစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အလားတူ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ခုနစ်ထောင်တစ်ရာ ကိုးဆယ့်တစ်သိန်း သုံးသောင်းတစ်ထောင်ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ (ဝဲပုံ) ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲတက်ရောက်

**ဘားအံ စက်တင်ဘာ ၂၁**

ရာဂီမုန်တိုင်းအရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမ စေတနာရှင် အလှူရှင်ပေါင်း နှစ်ရာကျော်က စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းပေးကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်နယ်အတွင်း နှစ်ကြိမ်တိုင်တိုင် စံချိန်တင်ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး ကြိုတင်ပြင်ဆင်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုများ၊ စိုက်ပျိုးပြီး မိုးစပါးနှင့် မိုးသီးနှံထိခိုက်ပျက်စီးမှုများ၊ လမ်း၊ တံတား အခြေခံအဆောက်အဦများ ထိခိုက်မှုရှိခဲ့ကာ ပြန်လည်ထူထောင်ရေးအပိုင်းကို လုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းကူညီပေးကြသည့်အတွက် အလွန်မွန်မြတ်လှပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးချုပ်မိသားစု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအပါအဝင် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း လာရောက်လှူဒါန်းကြသည့် စေတနာရှင်၊ အလှူရှင်ပေါင်း ၂၄၆ ဦးက ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၈၁၄၅ ကို လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု နတ်ရဲကွင်းကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူကြိုကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၂ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက် ပင်မမော်တော်ယာဉ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၁ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (အရှေ့အလယ်ပိုင်းမှ ကမ္ဘာဆုံးတိုင် ပဋိပက္ခ)

ကိုကိုလှိုင်

*(ယမန်နေ့မှအဆက်)*

ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းတွင် ဂျူးအခြေချနေထိုင်သူဦးရေမှာ ငါးသိန်းခန့်အထိ ရှိလာပြီး ၂၀၂၃ ခုနှစ်တွင် အရှိန်အဟုန်မြင့်၍ တိုးချဲ့ဆောက်လုပ် နေရာချထားလာခဲ့သည်။ အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းလူဦးရေ သုံးသန်းခန့်မှာ ဂျူးအခြေချအိမ်ရာများတွင် ပတ်ဝိုင်းပိတ်ဆို့မှုများနှင့် ကြုံတွေ့လာခဲ့ရပြီး ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က အုပ်ချုပ်သည်ဟုဆိုသော်လည်း လက်တွေ့၌ အစ္စရေးစစ်ဘက်၏ ထိန်းချုပ်မှုအောက်တွင် နေကြရသည့်ဘဝ ဖြစ်နေလေသည်။ ဤအချက်မှာလည်း ပါလက်စတိုင်းတို့က အစ္စရေးအပေါ် မကျေနပ်မှုများတွင် အကြောင်းအချက်တစ်ခုအဖြစ်ပါဝင်ပြီး သဘောထားပြင်းထန်သည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် ပါလက်စတိုင်း သီးခြားနိုင်ငံထူထောင်ခွင့်ကို မည်သည့်အခါမျှ ပေးအပ်တော့မည်မဟုတ်ဟု ယုံကြည်ယူဆလာစေခဲ့သည်။

ဤသို့ဖြင့် ဂါဇာတွင်လည်း ညက်ညက်ကျေအောင် တိုက်ခိုက်ခံနေရသကဲ့သို့ အနောက်ဘက်ကမ်းတွင်လည်း အာရပ်တဲထဲသို့ဝင်လာသည့် ကုလားအုတ်ပုံပြင်ကဲ့သို့ ဂျူးအခြေချများ တိုးချဲ့ဝင်ရောက်လာနေမှုများကို တွေ့မြင်နေကြရသော ပါလက်စတိုင်းတို့၏ စိတ်တွင်း၌ ယင်းတို့အလွန်လိုလားတောင့်တလျက်ရှိသော ပါလက်စတိုင်းနိုင်ငံ ထူထောင်နိုင်ရေးမှာ လက်နက်စွဲကိုင်၍ “သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး” သဘောထားဖြင့် မီးကုန်ယမ်းကုန်တိုက်ခိုက်ရုံမှတစ်ပါး အခြားမရှိတော့ပြီဟူသော အတွေး၊ အကြံများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

**၂၀၂၃ ခုနှစ် အောက်တိုဘာလ ယွန်ကစ်ပူးစစ်ပွဲ နှစ်ငါးဆယ်ပြည့် အကြမ်းဖက်တိုက်ခိုက်မှု**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့သည် ၁၉၇၃ ခုနှစ် ယွန်ကစ်ပူးစစ်ပွဲ၏ နှစ်ငါးဆယ်ပြည့်မြောက်သောနေ့ဖြစ်သည်။ ယွန်ကစ်ပူးမှာ အစ္စရေးနိုင်ငံ၌ ဂျူးလူမျိုးတို့၏ ဘာသာရေးအထွတ်အမြတ် နှစ်သစ်ကူးပွဲတော်ဖြစ်ပြီး မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးမိသားစုများ ပြန်လည်ဆုံစည်းကာ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ကြသည့် အခါသမယလည်းဖြစ်သည်။ ထို့ကြောင့် ယွန်ကစ်ပူးပွဲတော်ကာလ၌ အစ္စရေးတစ်နိုင်ငံလုံး ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် ၁၉၇၃ ခုနှစ်က အာရပ်တပ်ဖွဲ့များ အလစ်အငိုက် ရယူတိုက်ခိုက်ခဲ့ကြသည့်အတွက် ယွန်ကစ်ပူးစစ်ပွဲဟု အမည်တွင်ခြင်းဖြစ်သည်။

ယင်းစစ်ပွဲမှာ အစ္စရေးနှင့်အာရပ်တို့ စစ်ဖြစ်ခဲ့ကြသည့် သမိုင်းတစ်လျှောက်လုံးတွင် အာရပ်တို့ဘက်မှ အလစ်အငိုက်ရယူ၍ ဦးစွာဝင်ရောက်တိုက်ခိုက်ခဲ့သည့် တစ်ခုတည်းသောစစ်ပွဲလည်း ဖြစ်လေသည်။ ထို့အပြင် ယင်းစစ်ပွဲ၌ အစ္စရေးတို့ အနိုင်ရရှိခဲ့လင့်ကစား အာရပ်တို့က ဆိုဗီယက်လုပ်လက်နက်များဖြင့် အစ္စရေးကို အထိနာအောင် တိုက်ခိုက်နိုင်ခဲ့သည်။

ထို့ကြောင့် ဂါဇာဒေသမှ ပါလက်စတိုင်း၊ ဟားမားစ်အဖွဲ့အတွက် ယွန်ကစ်ပူးနှစ်ငါးဆယ်ပြည့် ရွှေရတုကာလသည် အစ္စရေးတို့ကို အထိနာအောင် ပြန်လည်တိုက်ခိုက်ရန် အဓိပ္ပာယ်အပြည့်ဝဆုံးအချိန် ဖြစ်တော့သည်။ ယွန်ကစ်ပူးပွဲတော်ကာလဖြစ်၍ အစ္စရေးတစ်နိုင်ငံလုံးမှာလည်း ပျော်ပွဲရွှင်ပွဲများဖြင့် အလုပ်များနေကြသည်။ စစ်သည်အများအပြားမှာလည်း မိသားစုနှင့် ပြန်လည်ဆုံစည်းရန် ခွင့်ပြန်နေကြသည်။ ဤအခြေအနေမှာ အလစ်အငိုက်ရယူရန် အခွင့်ကောင်းပင်ဖြစ်သည်။



အစ္စရေး-ဟားမားစ်စစ်ပွဲအတွင်း ဂါဇာမြို့၏ အဓိကလမ်းမကြီးပေါ်ရှိ ပျက်စီးသွားသော အဆောက်အအုံများအကြား တွေ့ရသည့် ပါလက်စတိုင်း ဒေသခံများ။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ နံနက် ၆ နာရီခွဲတွင် ဟားမားစ်တို့၏ တိုက်ခိုက်မှုစတင်ခဲ့သည်။ ဟားမားစ်တို့က ဂါဇာနှင့် အစ္စရေး လူနေဒေသကို ပိုင်းခြားကာရံထားသည့် ခြံစည်းရိုးတံတိုင်းမှ အားအနည်းဆုံးနေရာများအား ဖောက်ခွဲ၍ လမ်းပေါက်ဖွင့်လိုက်ပြီးနောက် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့ဝင်များက မော်တော်ဆိုင်ကယ်နှင့် ပစ်ကပ်ကားများဖြင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ အချို့က ပါရာဂလိုက်ဒါများကို သုံး၍ ခြံစည်းရိုးနံရံကို အပေါ်မှဖြတ်ကျော်ကာ ပျံသန်းဝင်ရောက်ခဲ့ကြသည်။ အချို့တပ်ဖွဲ့များက မော်တော်ဘုတ်များဖြင့် ပင်လယ်ကမ်းစပ်ကို ရေပြင်မှပတ်၍ ဝင်ရောက်သွားခဲ့ကြသည်။ ထိုအချိန်တွင် ဟားမားစ်ဒုံးပျံတပ်ဖွဲ့က အစ္စရေး လူနေမြို့ရွာများအပေါ်သို့ ဒုံးပျံများ ရာနှင့်ချီ၍ ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

အစ္စရေးတို့မှာ ဟားမားစ်၏ အလစ်အငိုက် ရယူတိုက်ခိုက်မှုကြောင့် သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးထိခိုက်ဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ စုစုပေါင်း အစ္စရေးဘက်မှ ၁၂၀၀ ကျော် သေဆုံးခဲ့၍ လူ ၂၅၀ ခန့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည်။

နောက်ပိုင်းထွက်ပေါ်လာသည့် သတင်းများအရ ဟားမားစ်ဘက်မှ ဤစစ်ဆင်ရေးအစီအစဉ်ကို ၂၀၁၄ ခုနှစ်ခန့်ကပင် စတင်ရေးဆွဲခဲ့သည်ဟု ဆိုသည်။ ၂၀၂၁ ခုနှစ် အစ္စရေးတို့၏ ပြင်းထန်သော ဂါဇာတိုက်ခိုက်မှု၏နောက်တွင် ပြန်လည်လက်စားချေရေးအတွက် ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဂါဇာရှိ စစ်ဘက်ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ချက်ချပြီး စတင်ပြင်ဆင်ခဲ့ကြသည်ဟု ဆိုသည်။ စစ်ဆင်ရေးစီမံချက်ကို ရေးဆွဲဖော်ဆောင်ခဲ့သူများမှာ ဟားမားစ်စစ်ရေးခေါင်းဆောင် ယာယာဆင်ဝါ ဦးဆောင်သည့် ထိပ်ပိုင်းစစ်ရေးခေါင်းဆောင် ငါးဦးခန့်သာဖြစ်ပြီး ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးဟာနီယာနှင့် ဒုတိယခေါင်းဆောင် ဆလားအယ်လ်အာရူရီတို့ကိုပင် အလွန်ကြီးမားသည့် တိုက်ခိုက်မှုတစ်ခု ပြုလုပ်မည်ဟု အသိပေးရုံမျှ ပြုလုပ်ခဲ့ပြီး အစီအစဉ်အသေးစိတ်ကို မပြောခဲ့ဟုဆိုသည်။ ကြိုတင်လေ့ကျင့်မှုများကို အထူးလျှို့ဝှက်စွာပြုလုပ်ခဲ့ပြီး မြေအောက်တွင် နက်ရှိုင်းစွာ တူးဖော်ဆောက်လုပ်ထားသည့် စစ်ဌာနချုပ်အတွင်း၌သာ ပြင်ဆင်လေ့ကျင့်ခဲ့သည်ဟုဆိုသည်။ လက်အောက်တပ်မှူးများကို စစ်ဆင်ရေးမစမီ သုံးရက်အလိုကျမှသာ မိမိတို့ ပါဝင်ဆောင်ရွက်ရမည့်အပိုင်းများကို အသိပေးခဲ့သည်။

ခြုံ၍ဆိုရလျှင် ဂါဇာပါလက်စတိုင်းတို့၏ သေမထူးနေမထူးစိတ်ဓာတ်နှင့် လက်စားချေလိုသည့် ပြင်းထန်သောအာဃာတ၊ စစ်ဆင်ရေးကို စနစ်တကျ လျှို့ဝှက်သိုသိပ်စွာပြင်ဆင်ခဲ့မှု၊ ရရှိနိုင်သမျှသော အရင်းအမြစ်လက်နက်ပစ္စည်းများဖြင့် အချိုးမညီစစ်ဆင်မှု (Asymmetric Warfare)၊ စွမ်းရည်နှင့် အစ္စရေးဘက်မှ အလစ်အငိုက် ဖြစ်ပေါ်စေခဲ့သည့် အချိန်ကာလကို ရွေးချယ်နိုင်မှုတို့က ဤတိုက်ခိုက်မှု၏ အောင်မြင်မှုကို ဖော်ဆောင်ပေးခဲ့သည်ဟု ဆိုနိုင်ပေသည်။

**နောက်ကွယ်မှ အင်အားစုများ**

အဘက်ဘက်မှ တံတိုင်းများ ကာရံပိတ်ဆို့၍ တင်းကျပ်စွာ ကန့်သတ်ထိန်းချုပ်ခံရသည့်အပြင် မကြာခဏ အစ္စရေးဘက်မှ ပြင်းထန်စွာတိုက်ခိုက်မှုကို ခံစားနေရသော ဟားမားစ်အဖွဲ့အနေဖြင့် ပြင်ပမှ ထောက်ကူအားပေးမှုကိုမရရှိဘဲ ဤသို့ ထိရောက်သည့် တိုက်ခိုက်မှုမျိုးကို ဆောင်ရွက်နိုင်ဖွယ်မရှိဟု လေ့လာသူအများစုက ကောက်ချက်ချကြသည်။ ဟားမားစ်ကို နောက်ကွယ်မှ အဓိကအားပေးထောက်ခံကူညီနေသူမှာလည်း အီရန်နိုင်ငံဖြစ်သည်ဟု လေ့လာသူအားလုံးလိုလိုက သဘောကိုက်ညီကြသည်။

ဤနေရာတွင် မေးခွန်းတစ်ခုပေါ်ပေါက်လာသည်မှာ ဒေသတွင်းနိုင်ငံရေးတွင် ရှီယိုက်မွတ်စလင်နိုင်ငံဖြစ်သော အီရန်သည် ဘာသာတူဖြစ်သော ဆီးရီးယားမှ အာရှတ်အစိုးရ၊ ယီမင်မှ ဟူသီအဖွဲ့နှင့် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာအဖွဲ့တို့ကို ထောက်ခံအားပေးခြင်းမှာ သဘာဝကျသော်လည်း ဆွန်နီမွတ်စလင်များဖြစ်သည့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့ကို အဘယ်ကြောင့် များစွာထောက်ပံ့အားပေးနေရပါသနည်းဟူသော မေးခွန်းဖြစ်သည်။

ထိုမေးခွန်းကို ဖြေဆိုရန်မှာ ဒေသတွင်းအင်အားနိုင်ငံရေးဆက်ဆံမှုကို သဘောပေါက်နားလည်ရန် လိုအပ်ပေသည်။ စင်စစ်၌ အီရန်သည် ဟားမားစ်အဖွဲ့ စတင်ပေါ်ပေါက်လာချိန်မှစ၍ အစ္စရေးကို တိုက်ခိုက်မည့်အဖွဲ့ဖြစ်၍ အားပေးထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သော်လည်း များများစားစားမဟုတ်ပေ။ ဟားမားစ်အနေဖြင့် ဆွန်နီဘာသာတူ နောက်ကွယ်အင်အားစုများကို ပို၍အားထားခဲ့ရသည်။ ၂၀၀၇ ခုနှစ် ဂါဇာဒေသရွေးကောက်ပွဲ၌ ဟားမားစ်အဖွဲ့ အာဏာရရှိလာချိန်တွင် ထိုစဉ်က အင်အားကြီး ဆွန်နီအကြမ်းဖက်အဖွဲ့ဖြစ်သော အယ်လ်ကေဒါအဖွဲ့နှင့် အယ်လ်ကေဒါထောက်ခံသော အစ္စလမ္မစ်ဂျေဟဒ်အဖွဲ့တို့အကြား အာဏာလုပွဲဖြစ်ခဲ့ပြီး လမ်းပေါ်တိုက်ပွဲများဖြစ်ပွားကာ ဟားမားစ်တို့ အနိုင်ရခဲ့ပြီးနောက် ဟားမားစ်နှင့် အယ်လ်ကေဒါတို့ လမ်းခွဲခဲ့ကြသည်။

ထို့ကြောင့် ဟားမားစ်သည် အီရန်နှင့်ပိုပြီး ထိတွေ့ဆက်ဆံ၍ အကူအညီများ ပိုမိုရယူလာခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ဟားမားစ်နှင့် အစ္စရေးတပ်ဖွဲ့များ အကြီးအကျယ်တိုက်ခိုက်ခဲ့ကြပြီးနောက် ဟားမားစ်ထိပ်သီးခေါင်းဆောင်များကို အစ္စရေးက ပစ်မှတ်ထား၍ လိုက်လံသုတ်သင်ချေမှုန်းခဲ့ရာ ဟားမားစ်အဖွဲ့မှာ ခေါင်းဆောင်မှုအားနည်းသွားခဲ့သကဲ့သို့ အောက်ခြေတွင်လည်း ဖရိုဖရဲဖြစ်သွားခဲ့သည်။ ထိုနောက်ပိုင်းမှစ၍ ဟားမားစ်အနေဖြင့် အဖွဲ့ပြန်လည်ထူထောင်ရေးအတွက် အီရန်ကို

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**"နေတန်ယာဟုက ပါလက်စတိုင်းနိုင်ငံသစ်ထူထောင်ရေးကို ခါးခါးသီးသီး ငြင်းပယ်နေခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပေ။ အော့စလိုသဘောတူညီချက်အရ ပါလက်စတိုင်းနိုင်ငံသစ်ပေါ်ပေါက်လာပါက ပြည်ပရောက် ပါလက်စတိုင်းဒုက္ခသည် ခြောက်သန်းသည် ယင်းပါလက်စတိုင်းနိုင်ငံသစ် ဂါဇာနှင့် ဂျော်ဒန်မြစ် အနောက်ဘက် ကမ်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြမည်ဖြစ်သည်။ ထိုအခါ ရှိရင်းစွဲ ပါလက်စတိုင်းများနှင့် ပေါင်းပါက အစ္စရေး၊ ဂျူးခုနစ်သန်းကို ကျော်လွန်သွားမည်ဖြစ်ကာ အစ္စရေးအတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှုဖြစ်လာ ပေလိမ့်မည်"**

ပိုမိုအားကိုးပြုလာခဲ့ရသကဲ့သို့ ၂၀၁၄ ခုနှစ်တွင် ဟားမားစ်တို့က ယင်းတို့၏ လက်လုပ်ဒုံးပျံ အများအပြားဖြင့် အစ္စရေးဘက်သို့ တိုက်ခိုက်ခဲ့မှုကို တွေ့မြင်ရသည့် အီရန်ကလည်း ဟားမားစ်အဖွဲ့ကို 'မွေးစား'လိုက်ကာ ယင်းတို့လိုအပ်သော ဒုံးပျံနည်းပညာ၊ စက်အစိတ်အပိုင်းများ၊ စစ်လက်နက်ပစ္စည်းများကို အီဂျစ် အစ္စရေးနယ်စပ်၊ ဆိုင်းနိုင်းဒေသမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ မြေအောက်၌ နက်ရှိုင်းစွာ တူးဖော်ထားသော ဥမင်လိုဏ်ခေါင်းများမှ တင်ပို့ပေးခဲ့သည်။ ထို့အပြင် ဟားမားစ် အဖွဲ့ဝင်များကို အီရန်သို့ ခေါ်ယူသင်တန်းပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကိုလည်း အင်တိုက်အားတိုက်ပြုလုပ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် အီရန်က ဟားမားစ်အဖွဲ့အား တစ်နှစ်လျှင် ဒေါ်လာသန်း ၇၀ မှ ၁၀၀ ခန့်အထိ ငွေကြေးထောက်ပံ့ပေးခဲ့သည်ဟုဆိုသည်။

စင်စစ်၌ အစ္စရေးနယ်စပ်မှ မိုင် ၁၀၀၀ ခန့် ဝေးကွာနေသော အီရန်နိုင်ငံသည် အစ္စရေးကို တိုက်ခိုက်ချေမှုန်းဖျက်ဆီးပစ်ရန် လိုလားနေလင့်ကစား မြေပြင်နှင့်ရေကြောင်းမှ သွားရောက်တိုက်ခိုက်ရန် မဖြစ်နိုင်သလောက်ရှိပြီး လေကြောင်းမှ တိုက်ခိုက်နိုင်မည့် ခေတ်မီလေတပ်လည်း ပိုင်ဆိုင်ထားခြင်းမရှိပေ။ အီရန်က ပိုင်ဆိုင်ထားသည်မှာ ဒရုန်းအမျိုးမျိုးနှင့် ဒုံးပျံများသာဖြစ်ပြီး ယင်းတို့မှာလည်း မိုင် ၁၀၀၀ ခရီးကိုဖြတ်၍ ပျံသန်းရန် အချိန်ယူရမည်ဖြစ်၍ အစ္စရေးတို့၏ လေကြောင်းကာကွယ်ရေးစနစ်များအတွက် ကောင်းစွာပြင်ဆင်ချိန် ရနိုင်သည်။ သို့ဖြစ်ရာ အစ္စရေးတို့ကို အနီးကပ်တိုက်ခိုက်နိုင်သော ဟားမားစ်၊ ဟစ်ဇ်ဘိုလာ၊ ဟူသီအဖွဲ့တို့ကို ၎င်းတို့ပိုင်ဆိုင်သည့် ဒုံးပျံများထောက်ပံ့ခြင်းဖြင့် ထိရောက်သည့် ကိုယ်စားစစ်ပွဲကို ဆင်နွှဲနိုင်မည် ဖြစ်လေသည်။

ဤသို့ဖြင့် အစ္စရေးနိုင်ငံမှာ ပတ်လည်ဝန်းကျင်မှ ရန်သူများ ဝန်းရံခြင်းကို ခံနေရသည်ဟု ဆိုနိုင်သည်။ မြောက်ဘက်မှ ဟစ်ဇ်ဘိုလာကြီးစိုးထားသော လက်ဘနွန်နှင့် အီရန် ထောက်ခံအားပေးသော သမ္မတအာဆတ်၏ ဆီးရီးယား၊ အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် အီရန်က လွှမ်းမိုးထားသော အီရတ်၊ တောင်ဘက်တွင် ဆော်ဒီအာရေဗျကို ကျော်၍ မဟာဗျူဟာအရေးပါသော ပင်လယ်နီ ထိပ်ဝမှ ဟူသီတို့ ထိန်းချုပ်ထားသည့် ယီမင်တို့ ရှိနေသည်။ အစ္စရေးကို ပေါ်ပေါ်ထင်ထင် ရန်လိုမှု မပြသသည့် ဒေသတွင်း အင်အားကြီးများဖြစ်သော ဆော်ဒီအာရေဗျနှင့် အီဂျစ်တို့မှာလည်း ပါလက်စတိုင်းတို့အပေါ် စာနာမှုရှိသည့် မွတ်စလင်အာရပ်နိုင်ငံများ ဖြစ်နေသည်။ အာရှ၊ ဥရောပအစပ်မှ တူကီယဲသည်ပင် ပါလက်စတိုင်းတို့ဘက်မှ ရှိနေသည်။

ထို့အပြင် အီရန်၏နောက်ကွယ်မှ ကမ္ဘာ့အင်အားကြီးများဖြစ်ကြသော ရုရှားနှင့် တရုတ်နိုင်ငံတို့ ရှိနေကြသည်။ ရုရှားနှင့် တရုတ်တို့ဦးစီးနေသည့် BRICS အုပ်စုတွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိက အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများက ပါဝင်ရန် ဆန္ဒပြင်းပြနေကြလေရာ ကမ္ဘာကြီးနှစ်ခြမ်းကွဲစ အခြေအနေ၌ အစ္စရေးဘက်မှာ အခိုင်အမာရပ်တည်နေသည်မှာ အမေရိကန်နှင့်အပေါင်းအပါ အနောက်နိုင်ငံတစ်စုသာ ရှိနေသည်ကို တွေ့ရသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အမေရိကန်နှင့် အနောက်အုပ်စုအတွင်း၌ပင် ပါလက်စတိုင်းတို့ကို စာနာထောက်ထားအားပေးသည့် အင်အားစုတစ်စု လျင်မြန်စွာ ကြီးထွားလာခြင်းဖြစ်သည်။ ယင်းတို့ကို တိုးတက်သော ဒီမိုကရက် (Progressive Democrat) အုပ်စုက ဦးဆောင်နေခြင်းဖြစ်ပြီး ကမ္ဘာပေါ်၌ အသားအရောင်လူမျိုး ခွဲခြားဖိနှိပ်ခြင်းကို အပြင်းအထန်ဆန့်ကျင်သည်။ တစ်ကမ္ဘာလုံး တန်းတူညီမျှရေး သဘောထားရှိသူများဖြစ်သည်။ ထုံးစံအတိုင်း ဤအင်အားစုကို ထောက်ပံ့အားပေးနေသူတစ်ဦးမှာ ဂျော့ဆိုးရော့စ်ဖြစ်လေသည်။

အစ္စရေးတို့က ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့ကို မြေလှန်ချေမှုန်းပစ်မည်ဟု ကြွေးကြော်ကာ အင်အားအလုံးအရင်းဖြင့် ဂါဇာနယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ အမေရိကန်ပြည်တွင်းရှိ နာမည်ကြီးတက္ကသိုလ်များတွင် ကျောင်းသားများက စာသင်ခန်းများနှင့် ကျောင်းပရိဝုဏ်နေရာများကို သိမ်းပိုက်၍ ပါလက်စတိုင်းဘက်မှ ထောက်ခံဆန္ဒပြခြင်း၊ တောင်အာဖရိကနိုင်ငံက အစ္စရေးအစိုးရအား ICJ ၌ လူမျိုးတုံးစေမှုဖြင့် တရားစွဲဆိုခြင်း၊ ကမ္ဘာ့နာမည်ကြီးမီဒီယာများ၌ ဂါဇာစစ်ပွဲတွင် အစ္စရေးတပ်ဖွဲ့များ၏ ပါလက်စတိုင်းအရပ်သားများအပေါ် တိုက်ခိုက်မှု၊ လူနေအဆောက်အအုံများ အကြီးအကျယ် ပျက်စီးမှု၊ လူသားချင်းစာနာမှု အကူအညီပေးအပ်ခြင်းကို နှောင့်ယှက်မှု စသည့် အစ္စရေးနိုင်ငံ၏ မကောင်းသတင်းများကို လှိုင်လှိုင်ကြီးထုတ်လွှင့်နေမှုများမှာ နောက်ကွယ်မှ ယင်းအင်အားစု၏ လှုံ့ဆော်အားပေးမှုများ ပါဝင်သည်ဟု အစ္စရေးနှင့် အမေရိကန်ရှေးရိုးစွဲ ဂျူးအသိုက်အဝန်းက ယူဆကြသည်။

**မေးမှိန်သွားပြီဖြစ်သော သီးခြားနှစ်နိုင်ငံ ထူထောင်မှုနည်းလမ်း**

ယခုအခါ အစ္စရေးတို့၏ ဂါဇာကမ်းမြောင်ဒေသကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ ရက်ပေါင်း ၃၄၀ ကျော် ရှိပြီဖြစ်သည်။ ဟားမားစ်ဘက်မှ ထုတ်ပြန်ချက်အရ ကလေး ၁၆၀၀၀ ကျော် အပါအဝင် အရပ်သား ၄၀၀၀၀ ကျော်သေဆုံး၍ ၉၅၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရပါသည်။ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသ၌လည်း အစ္စရေးတို့က စစ်ဆင်ရေးဝင်ရောက်လျက်ရှိသည်။

ဂါဇာဒေသမှာ အစ္စရေးတို့၏ စစ်ရေးအင်အားသုံးချေမှုန်းနေမှုကြောင့် ပြားပြားဝပ် ပျက်စီးနေချိန်တွင် အစ္စရေးတို့ကို မြောက်ဘက်ရှိ ဟစ်ဇ်ဘိုလာတို့နှင့် တောင်ဘက်ရှိ ဟူသီအဖွဲ့တို့က ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ဤအခြေအနေတွင် သဘောထားပြင်းထန်သော အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပါလက်စတိုင်းသီးခြားနိုင်ငံ ထူထောင်ရေးအဆိုကို ခါးခါးသီးသီး ပယ်ချလျက်ရှိပြီး ပါလက်စတိုင်းတို့ဘက်မှလည်း ဂျော်ဒန်မြစ်နှင့် မြေထဲပင်လယ်အကြား နယ်မြေအားလုံးကို ယင်းတို့ပိုင်ဆိုင်သည်ဟု ကြွေးကြော်လျက်ရှိရာ သီးခြားနှစ်နိုင်ငံထူထောင်ရေးနည်းလမ်းမှာ ပို၍မေးမှိန်သွားခဲ့သည်။

နေတန်ယာဟုက ပါလက်စတိုင်းနိုင်ငံသစ် ထူထောင်ရေးကို ခါးခါးသီးသီး ငြင်းပယ်နေခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ အော့စလိုသဘောတူညီချက်အရ ပါလက်စတိုင်းနိုင်ငံသစ် ပေါ်ပေါက်လာပါက ပြည်ပရောက် ပါလက်စတိုင်း ဒုက္ခသည် ခြောက်သန်းသည် ယင်းပါလက်စတိုင်း နိုင်ငံသစ် ဂါဇာနှင့် ဂျော်ဒန်မြစ် အနောက်ဘက် ကမ်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြမည် ဖြစ်သည်။ ထိုအခါ ရှိရင်းစွဲ ပါလက်စတိုင်းများနှင့် ပေါင်းပါက အစ္စရေး၊ ဂျူး ခုနစ်သန်းကို ကျော်လွန်သွားမည်ဖြစ်ကာ အစ္စရေးအတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှုဖြစ်လာပေလိမ့်မည်။ ထို့အပြင် ဂျူးလူဦးရေမှာ မှန်မှန်ကျဆင်းနေပြီး ပါလက်စတိုင်း လူဦးရေတိုးနှုန်းက မြင့်မားနေရာ ရေရှည်တွင် လူဦးရေဖိအားဒဏ်ကို ခံစားလာရမည်ဖြစ်၏။ ထို့ကြောင့်လည်း သဘောထားပြင်းထန်သော အစ္စရေးနိုင်ငံရေးသမားများက သီးခြားနှစ်နိုင်ငံ အယူအဆကို လုံးဝလက်မခံနိုင်ဘဲ ဖြစ်နိုင်လျှင် ပါလက်စတိုင်းအာရပ်တို့ကို အနုနည်း၊ အကြမ်းနည်းမျိုးစုံဖြင့် ဖယ်ရှားပစ်လိုခြင်း ဖြစ်လေသည်။

အမေရိကန်နှင့် အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံ အချို့ပူးပေါင်း၍ ကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆိုများမှာလည်း နှစ်ဖက်သဘောတူညီမှုမရရှိဘဲ ထစ်ငေါ့နေဆဲဖြစ်ပြီး အခြားတစ်ဖက်တွင်မူ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား စစ်ရှိန်မြင့်လာနေသည်။ အစ္စရေးတို့က ဂါဇာတွင် ဟားမားစ်ချေမှုန်းရေးစစ်ဆင်မှု လက်စသတ်သည်နှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာတပ်ဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ချေမှုန်းရန် စစ်ပြင်နေကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

**သုံးသပ်ချက်နှင့် ရှေ့အလားအလာ**

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့် အီရန်တို့အကြား တင်းမာမှုများ ပိုမိုမြင့်တက်လာနေလင့်ကစား နှစ်ဦးနှစ်ဖက် စစ်ကြေညာတိုက်ခိုက်မည့် ဒေသတွင်းစစ်ပွဲအဆင့်သို့ ပိုမိုကျယ်ပြန့်စွာရောက်ရှိလာရန် မလွယ်ကူလှသေးကြောင်း တွက်ဆရသည်။ အမေရိကန်၌ နိုဝင်ဘာလတွင် သမ္မတရွေးကောက်ပွဲရှိနေခြင်း၊ ရုရှားနိုင်ငံသည်လည်း ယူကရိန်းစစ်ပွဲတွင် အာရုံစိုက်နေရပြီး အီရန်ထံမှပင် ဒရုန်းနှင့်ဒုံးများ ဝယ်ယူနေရခြင်းတို့ကြောင့် နောက်ကွယ်မှ ဆရာကြီးများက ဤစစ်ပွဲကို အားပေးအားမြှောက်ပြုဖွယ်မရှိပေ။

အစ္စရေးနှင့် အီရန်တို့ ကိုယ်တိုင်လည်း ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများကို ရင်ဆိုင်နေရသည်။ အထူးသဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုမှာ ဓားစာခံခြောက်ဦး အသတ်ခံရမှုနောက်ပိုင်း နိုင်ငံရေးဖိအားများစွာကို ခံစားနေရသည်ဖြစ်ရာ ၎င်း၏ညွန့်ပေါင်းအစိုးရ ပြုတ်မကျရေးမှာ အဓိကဦးစားပေးဖြစ်နေသည်။ ထို့ကြောင့် စွန့်စားရမှု ကြီးမားသည့် ဒေသတွင်းစစ်ပွဲအဆင့်သို့ တက်လှမ်းလိုဖွယ်မရှိပေ။ အီရန်အနေဖြင့်လည်း အစ္စရေးနှင့် ထိပ်တိုက်စစ်ဖြစ်မည့်အစား ယခုကဲ့သို့ ကိုယ်ပွား စစ်ပွဲဆင်နွှဲကာ အစ္စရေးတို့ကို ဒုက္ခပေးနေသည့် ခြေစစ်မဟာဗျူဟာကိုသာ ဆက်လက်ကိုင်စွဲနေမည်ဟု မှန်းဆရပါသည်။ အစ္စရေးတို့အနေဖြင့်လည်း အီရန်ကို တိုက်ရိုက်စစ်ဆင်မည့်အစား အီရန်၏သြဇာခံ ဟားမားစ်၊ ဟစ်ဇ်ဘိုလာတို့ကိုသာ ဦးစားပေးနှိမ်နင်းသွားဖွယ်ရှိပြီး ယခင်လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းများအတိုင်း ယင်းအကြမ်းဖက်အဖွဲ့များ၏ ခေါင်းဆောင်ပိုင်းကို နိုင်ငံပြင်ပတွင် လိုက်လံရှင်းလင်း သုတ်သင်သွားလိမ့်မည်ဟု မှန်းဆရပါသည်။ ဤသို့ဖြင့် အရှေ့အလယ်ပိုင်း ဒေသတွင် အပြန်အလှန်တိုက်ခိုက်သတ်ဖြတ်မှု သံသရာ ဆက်လက်လည်ပတ်နေဖွယ်ရှိပြီး ကမ္ဘာဆုံးတိုင် ပြီးဆုံးဖွယ်မရှိသော ပဋိပက္ခအသွင်ကို ဆောင်နေဖွယ်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဆင်ပေါင်ဝဲမြို့နယ် ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး နယ်လှည့်ကွင်းဆင်း ဆောင်ရွက်



**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါး၏ အမျိုးအစားများ စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးဟန်သူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း(အိုင်စောက်)သို့ ရောက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ကျောင်းဝင်းနှင့် စာသင်ခန်းများတွင် ရေများဝင်ရောက်ခဲ့သဖြင့် တင်ကျန်နေသည့် နုန်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲယာတွင် ရေလွှမ်းမိုးမှုကြောင့် တင်ကျန်ခဲ့သောနုန်းမြေများ ဖယ်ရှားခြင်းနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများနှင့် ရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အခြေခံပညာမူလတန်းကျောင်း(စိမ်းစားပင်) သင်ကြားရေးလုပ်ငန်းများ အမြန်ပြန်လည်စတင်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် နုန်းများဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာရှိ အောင်မြေဘုံရတနာ စိမ်းစားပင်ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သည့် နေအိမ်မျောပါပျက်စီးမှုအလုံး ၉၀ နှင့် အားလုံးပျက်စီးမှု ၁၆ လုံး စုစုပေါင်း ၁၀၆ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်း၊ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၀၆၀၀၀၀၀ နှင့် တစ်အိမ်လျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပုံးတစ်ပုံးဖြင့် စုစုပေါင်း ကယ်ဆယ်ရေးပုံး ၁၀၆ ပုံးတို့ကို ထောက်ပံ့ပေးအပ်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရန်နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များမှ စုစုပေါင်းလှူဒါန်းငွေကျပ် ၉၀၁၀၄၀၀၀ ကျပ်နှင့် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ယမန်နေ့ ညနေပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမြင့်စိုးနှင့် ဦးဟန်သူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရေတိုက်စားသဖြင့် ပျက်စီးသွားသည့် မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာ လမ်းပေါ်ရှိ ဆင်သေကျေးရွာအနီး တံတားအမှတ်(၂/၂၀)၌ ယာယီသံပေါင် ဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေတိုက်စားသဖြင့် ပျက်စီးသွားသော ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအနီး ပေါင်းလောင်းမြစ်ပေါ်ရှိ ဇီးဖြူပင်ကျေးရွာ တံတားချဉ်းကပ်လမ်းနေရာ၌ ပေ ၈၀ နှစ်လွှာ တစ်ထပ် ယာယီသံပေါင်ဘေလီတံတားထိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ဝဲပုံ)** ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ဂရုပြုဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။



## သရက်မြို့၌ ကျောက်ကပ်သွေးသန့်စင်ဌာန အကြိမ်(၃၀၀)ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**သရက် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ်(၃၀၀)ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်း၊ အလှူငွေပေးအပ်ခြင်းနှင့် (၈/၂၀၂၄)ကြိမ် မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

အဆိုပါအခမ်းနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး သရက်ခရိုင် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင်က အကြိမ်(၃၀၀)ပြည့်မြောက်သည်အထိ အောင်မြင်စွာကျောက်ကပ်သွေးသန့်စင်နိုင်ခဲ့ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပွင့်ဖြူမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ကျော်ဌေး၊ ပွင့်ဖြူမြို့မ ရဲစခန်းမှူး ဒုရဲမှူး မင်းအောင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ဆင်ပေါင်ဝဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## အမေရိကန်သမ္မတ ရွေးကောက်ပွဲ ကြိုတင်မဲပေးခြင်းစတင်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

နိုဝင်ဘာလတွင် ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ သီတင်းပတ်ခြောက်ပတ်သာလိုတော့သည်။ အမေရိကန်ရှိ ပြည်နယ်သုံးခုတွင် စက်တင်ဘာ ၂၀ ရက်က လူကိုယ်တိုင် ကြိုတင်မဲပေးခြင်းများကို စတင်နေပြီး မဲဆန္ဒရှင်များသည် ၎င်းတို့၏မဲများကို စတင်ပေးနေကြပြီဖြစ်သည်။




ဗာဂျီးနီးယား ပြည်နယ်တွင် နေထိုင်ကြသည့် ဒေသခံများသည် နံနက်ခင်းမဲရုံစတင်ဖွင့်လှစ်သည့်အချိန်မှစတင်ကာ မဲပေးမှုများ ပြုလုပ်နေကြပြီဖြစ်သည်။ မည်သူတစ်ဦး တစ်ယောက်ကိုမျှ မဲမပေးလိုသော်လည်း မဲမပေးဘဲနေခြင်းသည် တိုင်းပြည်အတွက်မကောင်းသဖြင့် လူတိုင်း လာရောက် မဲပေးကြမည်ဟု မျှော်လင့်ကြောင်း အမျိုးသားတစ်ဦးက ပြောသည်။

ဗာဂျီးနီးယား၊ မင်နီဆိုးတားနှင့် တောင်ဒါကိုတာပြည်နယ်တို့သည် လူကိုယ်တိုင် ကြိုတင်မဲလာရောက်ပေးခြင်းကို အစောဆုံး ပြုလုပ်သည့်ပြည်နယ်များဖြစ်ကြသည်။

ရီပတ်ဘလီကင် သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ကမလာဟားရစ်တို့သည်ရွေးကောက်ပွဲရက်နီးလာသည့်နှင့်အမျှ စည်းရုံးလှုံ့ဆော်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လာကြသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေး - ဟားမားစ် အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်က ဆက်လက်တွန်းအားပေးသွားမည်ဟုဆို

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အစ္စရေးနှင့်ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်က ဆက်လက်တွန်းအားပေးသွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

လက်ဘနွန်နိုင်ငံမြို့တော်၌ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာဘက်မှ အဆင့်မြင့်တပ်မှူးတစ်ဦးသေဆုံးသွားသည်ဟု အစ္စရေးတို့က အခိုင်အမာပြောကြားခဲ့ပြီးနောက် စက်တင်ဘာ ၂၀ ရက်တွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ယခုလို သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှီယိုက်အဖွဲ့သည် ဟားမားစ်တို့နှင့် စည်းလုံးညီညွတ်မှုကိုပြသခဲ့သည်။ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ မေးမြန်းရာ သမ္မတဂျိုးဘိုင်ဒင်က ပြီးမြောက်အောင် မလုပ်ဆောင်ရသေးသရွေ့ လက်တွေ့မဆန်သည့်အရာများစွာရှိနေကြောင်း၊ ၎င်းတို့ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘေရွတ်တွင် တိုက်ခိုက်မှုပြုလုပ်မည့်အကြောင်း အမေရိကန်ကို အစ္စရေးက ကြိုတင်အကြောင်းကြားထားခြင်းမရှိဟု အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောသည်။ သံတမန်ရေးရာအရ လုပ်ဆောင်ရန်အချိန်နှင့် နေရာများကျန်ရှိနေသေးကြောင်း ၎င်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## လက်ဘနွန်၌ ပေါက်ကွဲမှုများဖြစ်ပေါ်ပြီးနောက် ကုလလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကျင်းပ

**ဘေရွတ် စက်တင်ဘာ ၂၁**

လက်ဘနွန်၌ လက်ကိုင်ဆက်သွယ်ရေး ကိရိယာများ ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၇ ရက်က လက်ဘနွန်၌ ပေဂျာများပေါက်ကွဲခဲ့ပြီး နောက်တစ်ရက်တွင် ခရီးဆောင်ရေဒီယိုဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲခဲ့ပြီး စုစုပေါင်း လူ ၃၇ ဦးသေဆုံးကာ ၃၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးတို့၏ အဆိုပါလုပ်ရပ်သည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အခြေခံမှုများကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လက်ဘနွန်အနေဖြင့် လက်စားချေရန် မကြိုးပမ်းဘဲ သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းရန် တောင်းဆိုခဲ့သည်ဟု လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒဲလာဘူဟာဘစ်ဘ်က ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး ဒန်နီဒန်နွန်ကမူ တကယ့်ပြဿနာအရင်းအမြစ်မှာ ဟစ်ဇ်ဘိုလာအဖွဲ့ပင်ဖြစ်သည်ဟု ဆိုသည်။ ဒန်နွန်က လက်ဘနွန်ဝန်ကြီးအားအကြမ်းဖက်အဖွဲ့အစည်းတစ်ခုကို လက်ဘနွန်နယ်မြေအတွင်း ပြည်နယ်တစ်ခုဖန်တီးရန် ခွင့်ပြုထားခြင်းကြောင့်ဖြစ်ကြောင်း လက်ဘနွန် အခြေစိုက် ရှီယိုက်မွတ်စလင်အဖွဲ့ကို ရည်ညွှန်းပြောဆိုခဲ့သည်။

အစ္စရေးသံတမန်က လက်ဘနွန်အစိုးရအား ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ နှစ်နိုင်ငံနယ်စပ်မှ ဟစ်ဇ်ဘိုလာများ ဆုတ်ခွာသွားစေရန်အတွက်လည်း တောင်းဆိုခဲ့သည်။ ဟစ်ဇ်ဘိုလာအဖွဲ့သည် လစ်တာနီမြစ်၏ မြောက်ဘက်သို့ ဆုတ်ခွာမသွားပါက အစ္စရေးနိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်ရန် မည်သည့်နည်းလမ်းဖြင့်မဆို လုပ်ဆောင်သွားရုံမှလွဲ၍ မရှိတော့ကြောင်း ဒန်နွန်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာသမ္မတ ရွေးကောက်ပွဲအတွက် မဲပေးမှုငြိမ်းချမ်းစွာပြီးဆုံး

**ကိုလံဘို စက်တင်ဘာ ၂၁**

သီရိလင်္ကာနိုင်ငံသမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုများ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းစွာပြီးဆုံးခဲ့ပြီး မဲရေတွက်မှုများ စတင်တော့မည်ဖြစ်သည်။

ရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၁၃၀၀၀ ကျော် ဖွင့်လှစ်ကာ စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် စတင်မဲပေးခဲ့ကြပြီး ညနေ ၄ နာရီတွင် တရားဝင် ပြီးဆုံးခဲ့သည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ ချောမွေ့လုံခြုံစေရန်အတွက် နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင် ၆၃၀၀၀ ခန့်ချထားပေးခဲ့ကြောင်း ဒေသတွင်း မီဒီယာများ ဖော်ပြသည်။ သမ္မတရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၁၇ သန်းကျော်ရှိပြီး မွန်းလွဲ ၂ နာရီအထိ မဲပေးသူဦးရေ စုစုပေါင်း ၆၀ ရာခိုင်နှုန်းကျော်အထိ ရှိသည်။

လက်ရှိသမ္မတ ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီ၊ အတိုက်အခံဆမားဂျီး ဂျာနာဘာလာဝီဂါပါတီမှ ဆာဂျစ်ပရီမာဒါဆာနှင့် အမျိုးသား ပြည်သူ့အင်အားပါတီမှ အနူရာကုမာရာ ဒစ္စနယာကီတို့ အပါအဝင် ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း စုစုပေါင်း ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံ၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ဂိုတာဘာယာ ရာဂျာပတ်ခ်ဆာသည် ကြီးမားသည့် စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက လက်ရှိသမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မဲရုံတစ်ရုံ၌ မဲပေးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

## တိုင်ဖွန်းမုန်တိုင်းရာဂီဒဏ်သင့် ဗီယက်နမ်သို့ ကုလသမဂ္ဂက အမေရိဒေါ်လာ နှစ်သန်းခွဲဝေချထားပေး

**ဂျီနီဗာ စက်တင်ဘာ ၂၁**

ကုလသမဂ္ဂသည် တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ကြီးကြီးမားမားထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် တုံ့ပြန်ဆောင်ရွက်မှုစတင်ရန် ဗီယက်နမ်နိုင်ငံကို အမေရိကန်ဒေါ်လာ ရန်ပုံငွေနှစ်သန်းချထားပေးလိုက်ကြောင်း ကုလသမဂ္ဂဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောသည်။ ဗီယက်နမ်နိုင်ငံ၌ အဆိုပါတိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၂၉၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့သည်။

လူပေါင်း ၂၉၀ ကျော် သေဆုံးကြောင်း၊ နေအိမ် ၂၃၇၀၀၀ ပျက်စီးကြောင်းနှင့် လူပေါင်းသုံးသန်း ဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။ ယာယီကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး ဂျိုက်စ်အမ်ဆူယာသည် ကုလသမဂ္ဂဗဟို အရေးပေါ်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာနှစ်သန်းကို အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးကြိုးပမ်းမှုအဖြစ် ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း ပြောသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ နေ့စဉ် ရေနံစိမ်း တန်ချိန် ၁၃၀၀ ထုတ်လုပ်

**ကဘူးလ် စက်တင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာရီပူလ်ပြည်နယ်၌ နေ့စဉ်ရေနံစိမ်းတန်ချိန် ၁၃၀၀ ထုတ်ယူလျက်ရှိကြောင်း အာဖဂန်အိမ်စောင့်အစိုးရ သတ္တုတွင်းနှင့် ရေနံဝန်ကြီးဌာနက စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်သည်။

ပြည်နယ်အတွင်းရှိ ကာ့ရှ်ကာရီ၊ အန်ဂွတ်နှင့် အက္ကဒါရာ ရေနံတွင်း ၂၁ တွင်းမှ ရေနံစိမ်းထုတ်ယူခြင်းကို ဆက်လက်လုပ်ဆောင်နေပြီး အဆိုပါဒေသများတွင် နောက်ထပ်ရေနံတွင်း ၂၅ တွင်းကို မကြာမီ တူးဖော်ပြုပြင်မည်ဖြစ်ကြောင်း၊ ရေနံစိမ်းထုတ်ယူမှုလုပ်ငန်းစဉ်အတွင်း လူပေါင်း ၃၀၀၀ ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမေယွန်အာဖဂန်က ပြောကြားသည်။

**ဆင်ဟွာ**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ကလောမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းတို့၌ တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးရေနစ်မြုပ်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်ဆောင်ရွက်ရေးကိစ္စများ မှာကြားသည်။

ထို့နောက် ရုံးအတွင်းရေဝင်မှုကြောင့် တင်ကျန်ရစ်သောနုန်းမြေများ၊ အမှိုက်သရိုက်များ ရှင်းလင်းပေးနေသည့် နယ်မြေခံတပ်မတော်သားများ၊ လူမှုအဖွဲ့အစည်းများ၊ ကျေးရွာရပ်ကွက်များမှ စေတနာရှင် လုပ်အားပေးအဖွဲ့များအား တွေ့ဆုံ၍ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများအား တွေ့ဆုံအားပေး၍ ဆက်လက်ဆောင်ရွက်ရန်များ မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

**ရေဘေးကယ်ဆယ်ရေးစခန်း**

ထို့နောက် နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ မြို့မဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကာ ရေဘေးသင့်မိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေး စကားပြောကြားပြီး ပြန်ကြားရေး ဝန်ကြီးဌာနမှလှူဒါန်းသော စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ရော်ဘာအစေးရည်ဓာတ်ခွဲခန်း၊ ရော်ဘာကွန်ပေါင်းဓာတ်ခွဲခန်း၊ သဘာဝရော်ဘာဓာတ်ခွဲခန်း (ရူပ/ဓာတုဓာတ်ခွဲခန်း) လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရော်ဘာဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ထားရှိမှု၊ (ISO/IEC 17025:2017) နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရော်ဘာစတင် စိုက်ပျိုးသည်မှ တန်ဖိုးမြှင့် ရော်ဘာထုတ်လုပ်နိုင်သည်အထိ နည်းပညာများအား ဖြန့်ဖြူးပေးနိုင်ရေး၊ မြန်မာ့ရော်ဘာ နိုင်ငံတကာဈေးကွက်ရရှိနိုင်ရေး၊ ရော်ဘာရွက်ဖြင့် ပန်းအလှပြင်ဆင်မှုနှင့် လက်မှုပစ္စည်း ပြုလုပ်ခြင်းနည်းပညာကို ပိုမိုသိရှိနိုင်ရေး၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ရော်ဘာအစေးရည်ဓာတ်ခွဲခန်း၊ ရော်ဘာကွန်ပေါင်းဓာတ်ခွဲခန်း၊ သဘာဝရော်ဘာဓာတ်ခွဲခန်း (ရူပ/ဓာတုဓာတ်ခွဲခန်း)လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာကေတမြို့နယ်ရှိ ယုဇနစားအုန်းဆီသန့် (ဆီချော) စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက တနင်္သာရီတိုင်းဒေသကြီးမှ စားအုန်းဆီကြမ်းများ ရောက်ရှိနေမှု၊ ရောက်ရှိသည့် စားအုန်းဆီကြမ်းများ ဆီသန့်ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်နှင့် စားသုံးဆီသန့်၊ မုန့်လုပ်ဆီ စက်မှုကုန်ကြမ်းသုံးဆီ ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသသည်။

အဆိုပါ ယုဇနစားအုန်းဆီသန့်(ဆီချော) စက်ရုံမှ တစ်နေ့လျှင် စားအုန်းဆီကြမ်းတန်ချိန် ၃၀၀ ကို ဆီချောထုတ်လုပ်ပေးနိုင်ပြီး စားအုန်းဆီကြမ်းမှ စားအုန်းဆီသန့်(ဆီချော) ထုတ်လုပ်ရာတွင် စားအုန်းဆီသန့် (ဆီချော) ၆၅ ရာခိုင်နှုန်း၊ မုန့်လုပ်ဆီ၊ စက်မှုကုန်ကြမ်းသုံးဆီ ၂၅ ရာခိုင်နှုန်း၊ ဆပ်ပြာဆီ ငါးရာခိုင်နှုန်းခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**မလှိုင်**

မလှိုင်မြို့နယ် သန်းခေါင်စာရင်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က မလှိုင်မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဟန်က သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မလှိုင်မြို့နယ်၌ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာ၊ အိမ်ထောင်စုပေါင်း ၄၀၀၃၄ စု၊ စာရင်းကောက်ကွက်ပေါင်း ၃၆၈ ကွက်ကို စာရင်းကောက်ယူရန် လျာထား၍ စာရင်းစစ် ၂၆ ဦး၊ အရန်သုံးဦး၊ စာရင်းကောက် ၁၀၄ ဦး၊ အရန် ငါးဦး စုစုပေါင်း ၁၃၈ ဦး တာဝန်ပေးအပ်ထားပြီး သင်တန်းကို ၁၂ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

**ပုသိမ်ကြီး**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက သင်တန်းရည်ရွယ်ချက်ကို ပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းများကို မြေပြင်ကွင်းဆင်းသွားရောက်ပြီး အဆင်ပြေစွာဆောင်ရွက်နိုင်စေရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည် ။

ဆက်လက်ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးနေလင်းက သင်တန်းသားတစ်ဦးအား သင်တန်းအထောက်အကူပြုပစ္စည်းများပေးအပ်သည်။ အဆိုပါသင်တန်းကို စက်တင်ဘာ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၄၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြေပြိုဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

မြေပြိုဘေးအန္တရာယ်သည် ဇွန်လမှ ဩဂုတ်လများတွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြေပြိုဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှု အလွန်နည်းပါးသော်လည်း လူသေဆုံးမှု၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မြေပြိုဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်း သက်သာစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်း ကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊
- မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ၊
- ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊
- သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အစိုးရရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊
- တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများအနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊
- မြေပြိုမှု၊ တောင်ပြိုမှု ဖြစ်ပွားလေ့ရှိသော နေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊
- မြေပြိုနိုင်သောနေရာများ (မတ်စောက်သောတောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံဆောက်လုပ်ခြင်းမပြုရ။

မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-

- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊
- သစ်ပင်များ နေရာရွေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။
- မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊
- တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

- မြေပြိုကျမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်၊
- မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။ အမြန်ဆုံး မရှောင်ခွာနိုင်ပါက နီးစပ်ရာခိုင်ခံ့သော နေရာ/ အဆောက်အအုံများတွင် ခိုလှုံပါ။
- မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့်ယာဉ်များအား အသိပေးပါ။

မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

- မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ၊ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ၊
- မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သော အကူအညီများပေးပါ၊
- မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။
- မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ၊
- မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
- မြေပြိုထားသောနေရာများ၌ အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ၊
- ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Lineဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပျဉ်းမနားမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်



**ပျဉ်းမနား စက်တင်ဘာ ၂၁**

နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် နည်းပြသင်တန်းကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်သင်ကြားသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ စာရင်းစစ်၊ စာရင်းကောက်စုစုပေါင်း ၁၅၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ဘားအံမြို့ ပြည်သူ့ဆေးရုံ (မြိုင်ကလေး)ဝင်းအတွင်း အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

○ ကျောဖုံးမှ


ထို့နောက် အနောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ကာ၊ စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန် တိမ်တိုက်များ၏ အရှိန်ကြောင့် ယနေ့ ညနေမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

ယနေ့ ညနေမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# ပညာပြည့်စေ၊ နှလုံးလှစေ၊ ကောင်းကျိုးတည်စေ ( ၁ )

ဝထကလသ (နတလ)

"ပညာပြည့်ဝ နှလုံးလှသော်
ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်
ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏။"

မန်လည်ဆရာတော်
မဃဒေဝလင်္ကာသစ်

စာရေးသူ၏အလုပ်စားပွဲပေါ်၌ စာမျက်နှာ ခြောက်ရွက်ပါ စာတစ်စောင်ရှိသည်။

စာရေးထားသူက တိုင်းရင်းသား အရာထမ်း ညီငယ်တစ်ဦး။ သူ၏လက်ရေးမူဖြင့်ဖြစ်၏။

သူက စာရေးကောင်းသည်။ ကျိုးကြောင်းပြ၍ စိတ်ဝင်စားဖွယ် ရေးတတ်သည်။ စာရေးသူနှင့် သူဆုံတော့ သူ့ဘဝ၊ သူ့အကြောင်း စကားစပ်မိသည်။ သူက ပြည့်ပြည့်စုံစုံဖြစ်စေရန် စာရေးပေးမည်ဟု ပြောပြီး ဤစာကိုရေးပေးခဲ့ခြင်းဖြစ်ပါသည်။

စာပါအကြောင်းခြင်းရာများက တောင်ပေါ် တိုင်းရင်းသား လူငယ်တစ်ဦး၏ ကိုယ်တွေ့အတိတ်နှင့် ပစ္စုပ္ပန်ပညာရေးကဏ္ဍ ဖြတ်သန်းမှုအကြောင်း ရိုးသားစွာ ဆက်စပ်ရေးသားဖော်ပြထား၏။ အချိန်ကာလများ ရွေ့လျားခြင်းနှင့်အတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေတောင်မြှောက်ပေးခဲ့သည့် နိုင်ငံတော်၏ စေတနာ၊ ပုံရိပ်တို့ကို ထင်ရှားစေပါသည်။ သူ၏စာကို ဖတ်ရင်း တောင်တန်းဒေသမှ မျိုးဆက်သစ်လူငယ်တစ်ဦး၏ ငယ်စဉ်ဘဝမှစတင်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာနှင့် လုပ်ငန်းခွင်ဝင်ရောက်သည်အထိ ဖြတ်သန်းမှုကို တစ်ဆင့်ပြီး တစ်ဆင့် စီးမျောခံစားခဲ့ရပါသည်။

## ပလောင်တိုင်းရင်းသားလေး

"စကားပြောပုံစံ" ဖြင့် သူ၏စာအား ဤသို့စတင် ရေးသားထားသည်။

"ကျွန်ုပ်က အောက်ပန်ရပ်ကျေးရွာ နမ့်ခမ်းမြို့နယ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ မွေးပါတယ်။ မိဘနှစ်ပါးက ပလောင်တိုင်းရင်းသားတွေဆိုတော့ ကျွန်ုပ်လည်း အော်တိုမစ်တစ် ပလောင်လူမျိုးပေ့ါ။"

"ကျွန်ုပ်တို့ငယ်စဉ် မွေးရပ်မြေ တောင်ပေါ်ဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံမှာ အားနည်းခဲ့တယ်။ ရွာသားအားလုံးလိုလို မိရိုးဖလာ လက်ဖက်လုပ်ငန်းကို လုပ်ကြတယ်။ ဒါ့အပြင် တောင်ယာစိုက်တယ်။ ယာလုပ်ငန်းရဲ့ စပါးအထွက်နှုန်းက သင့်တင့်ရုံပဲရပါတယ်။ ရာသီဥတုကို အမှီပြု စိုက်ကြပျိုးကြရတာ။ မိုးခေါင်ရင်တစ်မျိုး၊ မိုးများရင်တစ်ဖုံ စပါးထွက်နှုန်းက မကောင်းလှဘူး။ ရိတ်သိမ်းလို့ရတဲ့ စပါးတင်းရေအပေါ်မူတည်ပြီး ဝမ်းနည်းဝမ်းသာမှု ဖြစ်ကြရတယ်။ စပါးတင်းရေနည်းသည့်အခါ တစ်ရာသီလုံး မဖူလုံမှာကို တွေးပြီး ပူပင်ကြရတယ်။ ရာသီဥတုမျှတပြီး စပါးအထွက်နှုန်း ကောင်းတဲ့နှစ်တွေမှာတော့ ပျော်ရွှင်ကြည်နူးကြရတာပေ့ါ။

မိရိုးဖလာ လက်ဖက်လုပ်ငန်းတွေကလည်း မိုးရာသီမှာ သိပ်အလုပ်မဖြစ်ပါဘူး။ ဒီလိုပဲ တောင်ပေါ်ကျေးလက်တွေမှာ နွေရာသီတစ်မျိုး၊ မိုးရာသီတစ်လီ၊ ဆောင်းရာသီတစ်ဖုံ အလျဉ်းသင့်သလို ဘဝကို ဖြတ်သန်းခဲ့ကြရတယ်။ မျိုးဆက်သစ်တွေရဲ့ ဘဝတွေကလည်း ထူးခြားတိုးတက်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ဘူး။ ပညာသင်ကြားဖို့ဆိုတာ စိတ်ကူးယဉ်သက်သက်ပါပဲ။ တောင်ပေါ်ကျေးလက်ဒေသတွေမှာ သင်ကြားပေးမယ့် ဆရာ ဆရာမ အင်အားကနည်းတယ်။ ရွာကိုရောက်လာကြတဲ့ ဆရာ ဆရာမတွေကလည်း ခဏနေပြီး အကြောင်းအမျိုးမျိုးပြကာ မြို့ကို ပြန်သွားတတ်ကြတယ်။ ရွာမှာ ကျေးရွာကော်မတီအဖွဲ့က ရွေးချယ်ခန့်အပ်ထားတဲ့ လေးတန်းအောင် ဒေသခံကျောင်းဆရာ တစ်ဦးသာ အမြဲကျန်ရစ်မြဲပါ။"

"ဒီလိုတွေဖြစ်တာက နယ်မြေကလည်း မအေးချမ်းဘူးလေ။ တိုက်ပွဲတွေ ဖြစ်ကြတယ်။ အိုးအိမ်တွေ ကိုယ်ပိုင်ပစ္စည်းတွေစွန့်ပြီး ပြေးကြ၊ လွှားကြ၊ ပုန်းကြရတာပေ့ါ။"

"စစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကို စစ်ဖြစ်ပွားတဲ့ဒေသမှာ နေတဲ့ ဒေသခံတိုင်းရင်းသားတွေရော စစ်ပွဲကို ဆင်နွှဲနေကြတဲ့သူတွေသာ အသိဆုံးပါ။ ရွာသားတွေဟာ ရုပ်ဝတ္ထုပစ္စည်းဥစ္စာ မချမ်းသာကြပေမယ့် စိတ်အေးချမ်းသာစွာ နေထိုင်လိုကြတယ်။ ဒါပေမယ့် ထောင်ထားတဲ့ မိုင်းကိုနင်းမိလို့ သေဆုံးကြ၊ ခြေပြတ်လက်ပြတ်ဒုက္ခိတဖြစ် ဘဝပျက်ခဲ့ကြရတဲ့ ရွာသားတွေရှိတယ်။ မီးလောင်ခံရလို့ အိမ်တွေ ဆုံးရှုံးခဲ့ရတဲ့ အပြစ်မဲ့မိသားစုတွေရှိတယ်။ ပညာဆက်မသင်ရတော့ မိရိုးဖလာလုပ်ငန်းတွေ လုပ်ကြတယ်။ ကိုယ့်ပတ်ဝန်းကျင်ကလွဲလို့ နိုင်ငံ့အကြောင်း ဘာမှ မသိတော့ဘူး။ တချို့မူးယစ်ဆေးဝါးတွေ သုံးတယ်။ တချို့လက်နက်တွေ ကိုင်ကြတယ်။ ငယ်စဉ်ကတော့ သဘောကျခဲ့ဖူးတယ်။ ကြီးလာတဲ့အခါ ပညာအားနည်းတဲ့သူတွေ လက်ထဲမှာရှိတဲ့ လက်နက်တွေက ပိုပြီးကြောက်ဖို့ကောင်းတယ်ဆိုတာ သိမြင်လာတယ်။"

> ❑ နိုင်ငံတော်သည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်းမရှိသောနေရာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ခြင်း စသောလိုအပ်သည့် ပညာရေးကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပေပြီ။ နယ်စပ်ဒေသများထဲမှ ကိုးကန့်ဒေသတွင် လောက်ကိုင်၊ ချင်းရွှေဟော်၊ ဆီအော၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်၊ ကျိုင်းတုံအရှေ့ဒေသတွင် မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲ၊ ဝမ်စလောင်း၊ ကောင်းလန့်... စသည်တို့သည် စာသင်ကျောင်း အစောဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သော မြို့ရွာများဖြစ်ကြောင်း မှတ်တမ်းများ၌ အခိုင်အမာတွေ့ရှိရ

သူ၏စာကိုဖတ်ရင်း ဤသို့စဉ်းစားမိပါသည်။

## ပညာဟူသည်

ပညာဟူသည် လူ့ဘောင်အဖွဲ့အစည်းတွင် အရေးပါဆုံးသော ကဏ္ဍတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့၏ အခြေခံအုတ်မြစ်လည်း ဖြစ်သည်။ ပညာဟူသည် အမှား၊ အမှန်ကို စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သောဉာဏ်ကို ပေးစွမ်းနိုင်သော စွမ်းရည်များဖြင့်လည်း ပြည့်စုံပေသည်။ ထို့ကြောင့် ခိုင်မာသော တိုးတက်သော လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်ရန်အတွက် ပညာသည်သာ အဓိကဖြစ်ပေသည်။

ယခုအချိန်တွင် နိုင်ငံတော်သည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် ယခင်က စာသင်ကျောင်းမရှိသောနေရာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ စေလွှတ်ခြင်း စသောလိုအပ်သည့် ပညာရေးကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပေပြီ။ နယ်စပ်ဒေသများထဲမှ ကိုးကန့်ဒေသတွင် လောက်ကိုင်၊ ချင်းရွှေဟော်၊ ဆီအော၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်၊ ကျိုင်းတုံအရှေ့ဒေသတွင် မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲ၊ ဝမ်စလောင်း၊ ကောင်းလန့်... စသည်တို့သည် စာသင်ကျောင်း အစောဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သော မြို့ရွာများဖြစ်ကြောင်း မှတ်တမ်းများ၌ အခိုင်အမာတွေ့ရှိရပါသည်။

ပညာရေးမှအစပြု၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာပေလိမ့်မည်။

ထိုဖွံ့ဖြိုးတိုးတက်မှုများသည် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသောကြောင့်၊ တစ်နည်းအားဖြင့် "ငြိမ်းချမ်းရေး"၏ အဓိပ္ပာယ်ကို ပီပီပြင်ပြင် ဖွင့်ဆိုနိုင်သောကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ် မောင်းနှင်နိုင်ခဲ့ခြင်း ဖြစ်သည်။ အခြေခံကား ငြိမ်းချမ်းရေးပင်ဖြစ်သည်။

## ပညာရေးခရီးအစ

"စကားပြေပုံစံ" ဖြင့် သူက စာကို ဤသို့ ဆက်ရေးပြန်သည်။

"ထိုနေ့သည် ကျွန်ုပ်၏ ပညာရေးခရီးအစဟု ဆိုရပေလိမ့်မည်။ ထိုနေ့ကား မူလတန်းအတန်းစုံ အောင်စာရင်းထွက်သောနေ့ ဖြစ်ပါသည်။ ရွာတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိသာ ပညာသင်ခွင့်ရကြပြီး ပြီးပါက နီးစပ်ရာမြို့များသို့ သွားရောက် ပညာဆက်လက် ဆည်းပူးကြရသည်။ စာမေးပွဲအောင်သော ကျွန်တော်လည်း အများနည်းတူ မြို့တက်ပြီး ပညာသင်ရန် တာစူနေပါသည်။ သို့သော် မည်သည့်မြို့သို့သွား၍ မည်သို့နေထိုင်ပြီး ပညာသင်ကြားရမည်နည်းဟူသော မေးခွန်းက ကျွန်ုပ်၏ မိဘနှစ်ပါးအား ချောက်ချားစေခဲ့ပါသည်။ အကြောင်းမှာ ထိုနှစ်တွင် မိုးခေါင်၍ စပါးအထွက်နှုန်း မကောင်းသောကြောင့် ငွေကြေးကျပ်တည်းနေသော ကာလလည်း ဖြစ်၍နေပါသည်။ နီးစပ်ရာမြို့ဖြစ်သည့် နမ့်ခမ်းမြို့ပေါ်တွင်လည်း ဆွေမျိုးဉာတိ၊ အသိအကျွမ်းများလည်း မရှိ၊ အိမ်ငှားရအောင်လည်း ငွေကြေးကလည်း မတတ်နိုင်။ မိဘနှစ်ပါးသည် ကျွန်ုပ်၏ပညာရေးအတွက် သက်ပြင်းတချချနှင့် ရတက်မအေးနိုင်ခဲ့ပေ။"

"ဖခင်ဖြစ်သူမှာ ကျွန်ုပ်အား ပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်သည့် ပြင်းပြသောဆန္ဒရှိနေသည်။ သူကိုယ်တိုင်လည်း ရွာတွင် လေးတန်းအောင်ပြီး ကျောင်းဆက်မတက်နိုင်တော့သဖြင့် အများနည်းတူ တောင်ယာအလုပ်အား ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသည်ကို သိပ်ဘဝင်ကျဟန်တော့ မရပေ။ သားဖြစ်သူ ကျွန်ုပ်အား မူးယစ်ဆေးစွဲသူ၊ အဓိပ္ပာယ်မဲ့လက်နက်ကိုင်သူလည်း မဖြစ်စေချင်။ ထို့ကြောင့် ကျွန်ုပ်ကျောင်းဆက်တက်နိုင်ရန် ဗျာများနေရခြင်း ဖြစ်ပေမည်။"

"ထိုအချိန်တွင် ရေငတ်နေသော ကျွန်ုပ်၏ မိသားစုအား ရေတွင်းထဲကျဆိုသလို အခွင့်အရေးတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအခွင့်အရေးကား အခြားမဟုတ်။ 'ကွမ်းလုံမြို့ ခြေမြန်တပ်ရင်းမှ တပ်မတော်သား ဆရာကြီးတစ်ဦး ရွာသို့ရောက်လာသည်။ ရွာသူကြီးနှင့် တွေ့ဆုံကာ ကွမ်းလုံမြို့တွင် **'ရဲညွန့်'** ကျောင်းဖွင့်နေပြီဖြစ်ကြောင်း၊ ပညာသင်ကြားလိုသည့် ကလေးများ စာရင်းပေးနိုင်ပါကြောင်း၊ တက်ရောက်မည့်သူများအား ကားနှင့် လာရောက်ကြိုမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က စားရေး၊ နေရေးတာဝန်ယူ၍ အတန်းပညာများကို အခမဲ့ ဆက်လက်သင်ကြားပေးမည်ဖြစ်ကြောင်း' ရှင်းပြခဲ့ပါသည်။"

"ဖခင်ဖြစ်သူမှာ ထခုန်မတတ် ဝမ်းသာနေပါသည်။ စိုးရိမ်ပူပန်ပြီး ရင်ထဲကျိတ်၍ ငိုကြွေးနေရသည်က ကျွန်ုပ်မိခင်ဖြစ်သူပါ။ ၎င်း၏ သောကကို ဂရုမပြုအားဘဲ မြို့သို့သွားပြီး ကျောင်းတက်ဖို့သာ အားသန်နေသူနှစ်ဦးမှာ ကျွန်ုပ်တို့သားအဖပါ။ ကျွန်ုပ်တို့ ပျော်နေသလောက် ဖခင်ကိုကြောက်၍ မပြောသာ၊ ငိုမဲ့မဲ့နှင့် အမြဲငေးငိုင်နေခဲ့သည့် မိခင်ဖြစ်သူ၏မျက်နှာအား ပြန်စဉ်းစားမိလေတိုင်း ကျွန်ုပ် ဝမ်းနည်းမိပါသည်။"

## ရဲညွန့်သင်တန်းကျောင်း ဆိုသည်မှာ

ဤနေရာတွင် ရဲညွန့်သင်တန်းကျောင်းများ အကြောင်း အကျဉ်းမျှဖော်ပြလိုပါသည်။

စာမျက်နှာ ၁၇ သို့



ပလောင်တိုင်းရင်းသားတို့၏ ရိုးရာလက်ဖက်စိုက်ခင်းများနှင့် တောင်ယာလုပ်ငန်းခွင်။



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာရှိ သမ္ဗုဒ္ဓေဘေးရန်ကင်းစေတီတော်ဘုရားဝင်းအတွင်း စက်တင်ဘာ ၂၁ ရက်က စကားအင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ် ကျော်ဝင်းဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုရဲ



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က စလင်းမြို့နယ် ပေါင်းနားရပ်ကွက် ရတနာမဥ္ဇူဘုရားနှင့် လက်ပံပင်ကျောင်းတိုက်ဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သူ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုဇင်

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ကြိုတင်ပြင်ဆင်

**တံတားဦး စက်တင်ဘာ ၂၁**

တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်လျက်ရှိရာ တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၈၄ ဦး တက်ရောက်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲကျင်းပသည့် စက်တင်ဘာ ၁၇ ရက်က ခရိုင်စီမံအုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ ရဲတင့်(မြန်/ဆက်)

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

*စာမျက်နှာ ၁၆ မှ*

ထိုကျောင်းများကို ၁၉၇၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ "နယ်စပ်ဒေသရှိ လူငယ်လူရွယ်များအား အခြားနိုင်ငံရေးအဖွဲ့အစည်းများ၏ သွေးဆောင်ဖြားယောင်းမှု၊ မူးယစ်ဆေးသုံးစွဲမှုတို့မှ ကင်းဝေးစေပြီး လမ်းမှားမရောက်စေရန်နှင့် နိုင်ငံတော်အတွက် အရန်အင်အားများ ဖြစ်စေရန်" ဖြစ်ပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့တွင် ရဲညွှန့်တပ်ခွဲ(၁)၊ ကွမ်းလုံမြို့တွင် ရဲညွှန့်တပ်ခွဲ(၂)၊ သိန္နီမြို့တွင် ရဲညွှန့်တပ်ခွဲ(၃)၊ တန့်ယန်းမြို့တွင် ရဲညွှန့်တပ်ခွဲ(၄)နှင့် မိုင်းရယ်မြို့တွင် ရဲညွှန့်တပ်ခွဲ(၅) စသည်ဖြင့် နယ်မြေခံတပ်ရင်းများတွင် တပ်ခွဲများဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ တပ်ခွဲသင်တန်းကျောင်းများတွင် အသက် ငါးနှစ်အရွယ်မှ ၁၅ နှစ်အရွယ်အထိ လက်ခံပါသည်။ မူလတန်းပညာမှစ၍ လက်ခံသင်ကြားပေးခဲ့ပါသည်။ တပ်မတော်သားတစ်ဦးကဲ့သို့ မိသားစုရိက္ခာငါးမျိုးရရှိသည်။ သို့သော် သေနတ်တော့ ကိုင်ဆောင်ခွင့် မပြုပါ။ သင်တန်းတွင် အတန်းပညာအပြင် ကိုယ်ခန္ဓာကြံ့ခိုင်ရေး၊ လက်နက်မဲ့စစ်ရေးပြ၊ လက်နက်ငယ် စသည့် အခြေခံစစ်ပညာများကိုလည်း သင်ကြားပေးသည်။ စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးစေရန်နှင့် နိုင်ငံတော်အား တန်ဖိုးထားတတ်စေရန် ဆုံးမသင်ကြားမှုများလည်း ပြုလုပ်ပေးပါသည်။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် အဆိုပါ ရဲညွှန့်သင်တန်းကျောင်းများအား ဖျက်သိမ်းခဲ့ပါသည်။ နိုင်ငံတော်က သင်တန်းကျောင်းများ ဖျက်သိမ်းခဲ့သော်လည်း အဆိုပါကျောင်းများမှ လူငယ်များအား ဆက်လက်ပညာသင်ကြားနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ နယ်စပ်ဒေသရှိ လူငယ်သင်တန်းကျောင်းများတွင် ကျောင်းဆက်တက်နိုင်ရန်လည်းကောင်း၊ အဆိုပါကျောင်းများမှ လူရွယ်များအား ဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင်လည်းကောင်း အလုပ်တာဝန်များခန့်အပ်၍ ထမ်းဆောင်စေခဲ့ပါသည်။

### ရွာမှ ရဲညွှန့်ကျောင်းသို့

စာက ဖတ်ရှုသူအား အတိတ်ကာလဆီသို့ တဖြည်းဖြည်းဆွဲခေါ်သွားပြန်သည်။

"ကွမ်းလုံရဲညွှန့်သင်တန်းကျောင်းသို့ ကလေးများအား လာရောက်ခေါ်ဆောင်သည့် စစ်စိမ်းရောင် FAW ကားကြီး ရွာသို့ရောက်လာတော့သည်။ ဖခင်ဖြစ်သူက 'ဟော့ဟော့... မြန်မြန်လုပ်ကြဟ... ဟိုမှာ သူများတွေ စုံနေကြပြီ၊ အဝတ်ထုပ် မြန်မြန်ယူခဲ့ဟေ့...' ဟု ဆော်ဩလိုက်ပါသည်။"

"ဤသို့ဖြင့် ကျွန်ုပ်သည် ကွမ်းလုံမြို့ရှိ အမှတ်(၁၁) ရဲညွှန့်သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပေပြီ။ ကျောင်း၌ ကျောင်းသား ၁၀၀ ခန့်ရှိပြီး ပလောင်၊ ရှမ်း၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု စသည်ဖြင့် တိုင်းရင်းသားများ စုံလင်လှပါသည်။ ရဲညွှန့်ကျောင်းတပ်နေရာနှင့် ကျွန်ုပ်တို့စာသင်ရသည့် အထက ကျောင်းသည် သံလွင်မြစ် တစ်ဖက်တစ်ချက်တွင် တည်ရှိနေပြီး ကျောင်းသွားသည့်အခါ ကျောင်းရှိရာ တပ်ရင်းမှ အထကကျောင်းသို့ တပ်မှကားဖြင့် ကြို/ပို့ ဆောင်ရွက်ပေးပါသည်။ ထိုကျောင်း၌ ပဥ္စမတန်းမှ သတ္တမတန်းအထိ ကောင်းမွန်စွာ ပညာသင်ယူခဲ့ပါသည်။ အလယ်တန်း၌ တန်ဖိုးထားရမည့် နိုင်ငံတော်ပိုင်နက် နယ်မြေများအကြောင်း စတင်၍သိလာရပြီ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လိုအပ်ကြောင်း သိခဲ့ရပေပြီ။ နိုင်ငံတော်သီချင်းကို အားရပါးရ သီဆိုတတ်ခဲ့ပေပြီ။

### အလယ်တန်းပညာနှင့် အထက်တန်းပညာ

ပညာသင်ကြားနေစဉ် အချိုးအကွေ့တစ်ခု၏ ကောက်ကြောင်းကို ဤသို့ရေးသားထားပါသည်။

"ထိုကွမ်းလုံရဲညွှန့်ကျောင်းမှ မိုင်းရယ်နယ်မြေခံတပ်ရင်းရှိ ရဲညွှန့်သင်တန်းကျောင်းသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အဋ္ဌမတန်းပညာကို ဆက်လက်သင်ယူခဲ့ရပြန်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ရဲညွှန့်သင်တန်းကျောင်းများအားလုံး ပိတ်သိမ်းခဲ့ပါသည်။ နိုင်ငံတော်က မိုင်းရယ်နှင့် တန့်ယန်းမြို့များရှိ ရဲညွှန့်မှ ကျောင်းသားလူငယ်များအား (ယခင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန) ယခု နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (တန့်ယန်း) သို့ လွှဲပြောင်းပညာသင်ကြားစေခဲ့ပါသည်။ ကျွန်ုပ်သည်လည်း တန့်ယန်းမြို့ရှိ အဆိုပါ လူငယ်သင်တန်းကျောင်းတွင် နဝမတန်းပညာကို ဆက်လက်သင်ယူခဲ့ပါသည်။"

"နိုင်ငံတော်က ၂၀၀၀– ၂၀၀၁ ပညာသင်နှစ်တွင် နယ်စပ်ဒေသမြို့များရှိ လူငယ်သင်တန်းကျောင်းများ၌ ပညာသင်ကြားနေသော တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားမှုစနစ်အဆင့် ပိုမိုမြှင့်တင်ပေးနိုင်ရန် စေတနာဖြင့် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် ကျောင်းသားများအား ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ ပရဟိတ(ကျား)ကျောင်းသို့ ခေါ်ယူပညာသင်ကြားပေးခဲ့ပါသည်။ နိုင်ငံတော်၏ ကျေးဇူးကြောင့် တောင်ပေါ်သားလေးကျွန်ုပ်သည် ဘယ်တုန်းကမှ မမျှော်လင့်ရဲခဲ့သော ရန်ကုန်မြို့ကြီးပြကြီးပေါ်၌ ပညာသင်ယူနိုင်သည့် အခွင့်ထူးရရှိခဲ့ပေပြီ။"



တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်း။

### ပရဟိတ(ကျား)ကျောင်း ဆိုသည်မှာ

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းနေရာသည် အင်္ဂလိပ်– မြန်မာ ပထမစစ်ပွဲတွင် စစ်သူကြီးမဟာဗန္ဓုလ စခန်းချခဲ့သည့်နေရာဖြစ်သည်။ ယင်းနေရာတွင် ကရင်လူမျိုး ဆရာတော်ဦးလိပ်က ကျောင်းစတင်ဆောက်လုပ်သီတင်းသုံးခဲ့သောကြောင့် တပ်တွင်းကျောင်းဟု ခေါ်တွင်ခဲ့သည်။ ၁၉၂၄ ခုနှစ် ဆရာတော်ဦးပညာဇောတ လက်ထက်တွင် ကျားဆေးတိုက်ပိုင်ရှင် ဦးအော်ဘွန်ဟောနှင့် ဦးအော်ဘွန်ပါ ညီနောင်နှစ်ဦးက လူမျိုးမရွေး အခမဲ့ပညာသင်ကြားနိုင်ရန် ကျောင်းဆောက်လုပ် လှူဒါန်းခဲ့ရာမှအစပြု၍ ကျားကျောင်းဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

၁၉၂၈ ခုနှစ်တွင် ဆရာတော်ဦးနန္ဒဝံသနှင့် ဆရာတော် ဦးဉာဏိန္ဒတို့ ဆက်လက်အုပ်ချုပ်ခဲ့ပြီး အင်္ဂလိပ်– မြန်မာ နှစ်ဘာသာသင် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်တွင် မိဘမဲ့ တိုင်းရင်းသားများကို ခေါ်ယူစောင့်ရှောက်ခဲ့သဖြင့် ပရဟိတ(ကျား)ကျောင်းဟု စတင်ခေါ်ဝေါ်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့တို့၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်ကတာဝန်ယူထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်းအထောက်အပံ့ခံကျောင်း ဖြစ်ခဲ့ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ **"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား) ကျောင်း"**အမည်ဖြင့် ၂၂–၃–၁၉၉၃ ရက်နေ့တွင် ကျောင်းသားဦးရေ ၉၈ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး ၃၀–၆–၁၉၉၉ ရက်နေ့တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကွပ်ကဲမှုကျောင်း ဖြစ်လာပါသည်။

ပရဟိတ(ကျား)ကျောင်းအား ၁–၁၀–၂၀၁၉ ရက်နေ့မှစ၍ နယ်စပ်ရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့်သာ စီမံဆောင်ရွက်ခွင့်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ (ကျား) ကျောင်းအား **နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ရန်ကုန်)** အဖြစ် အမည်ပြောင်းလဲသုံးစွဲခွင့်အား အတည်ပြုခဲ့ပါသည်။ ။



နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) မှ ကျောင်းသားကျောင်းသူများ နိုင်ငံတော်အလံအလေးပြုနေစဉ်။

# ချောင်းသာကမ်းခြေဆီ သွားလည်ပြီး မိုးရာသီရသကို ခံစားကြမယ်

■ ယဉ်လာဒ်

**ရန်ကုန်မြို့ပြကနေ အသွားအပြန်ကားခ ငွေကျပ် သုံးသောင်းနဲ့ သွားရောက်လည်ပတ်လို့ရနိုင်တဲ့ ချောင်းသာကမ်းခြေခရီးစဉ်ကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**




ပင်လယ်စာပေါများပြီး နားအေးပါးအေး စိတ်လက်အပန်းဖြေလိုချင်တဲ့ ခရီးသွားချစ်သူတွေအတွက် မိုးရာသီကာလမှာ ချောင်းသာကမ်းခြေကို သွားရောက်လည်ပတ်တာက ပိုပြီး အပန်းပြေစေပါတယ်။ ဒီကာလတွေမှာ ချောင်းသာကမ်းခြေကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်နည်းပါးပေမယ့် ပိတ်ရက်ကာလတွေမှာ အခန်း ၃၀ နီးပါးလောက်သာ ရရှိနိုင်ပါတယ်။ ဒါ့အပြင် စက်တင်ဘာလကုန်အထိ အခန်းခနှုန်းထားတွေကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးထားပါတယ်လို့ AKARIZ RESORT HOTEL မှ တာဝန်ရှိသူက ပြောပါတယ်။

ချောင်းသာကမ်းခြေဆိုတာ ပြည်တွင်းခရီးသွားဧည့်သည်တွေ အများဆုံး သွားရောက်လည်ပတ်ကြတဲ့ ကမ်းခြေတစ်ခု ဖြစ်ပါတယ်။

**အထင်ကရနေရာတွေ**

ချောင်းသာကမ်းခြေ ရောက်ဖြစ်ခဲ့ရင် ရွှေသောင်ယံ Sea & Lake Garden နဲ့ Mangrove View Resort၊ ကျောက်မောင်နှမ၊ ဖိုးကုလားကျွန်း၊ နတ်မြွေကျွန်း၊ သဲဖြူကျွန်း၊ နာရီဝက်ကျော်နဲ့ ရောက်နိုင်တဲ့ ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းတို့က ချောင်းသာကမ်းခြေရဲ့ အထင်ကရနေရာတွေ ဖြစ်ပါတယ်။

ဒါ့အပြင် အပျော်စီးဇိမ်ခံသင်္ဘော Moken Cruise ကလည်း ချောင်းသာကမ်းခြေ အခြေစိုက်ပြီး ဂေါ်ရန်ဂျီကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း စတဲ့ကျွန်းပတ်ခရီးစဉ်တွေကိုလည်း ဝန်ဆောင်မှုပေးတာ ရှိပါသေးတယ်။

ချောင်းသာကမ်းခြေမှာ ဆယ်စုနှစ်နီးပါး ဖွင့်လှစ်ထားရှိတဲ့ Water Sport Entertainment (WSE)ကလည်း လက်ရှိမိုးရာသီကာလမှာ သဲဖြူကျွန်းခရီးစဉ်နဲ့ အဖွဲ့လိုက်စီးနင်းနိုင်တဲ့ Banana Boat Activity ကိုလည်း ဝန်ဆောင်မှုပေးနေပါတယ်။ တစ်ယောက်ကို Banana Boat စီးခ ငွေကျပ် တစ်သောင်းပါ။ သဲဖြူကျွန်းကတော့ တစ်ဦးကို ငွေကျပ်တစ်သောင်းငါးထောင်ပါလို့ Water Sports Entertainment မှ တာဝန်ရှိသူ မပုံ့က စာရေးသူကို ပြောပါတယ်။



အခုချိန်ကာလမှာတော့ ဧည့်လာချိန်နည်းပါးပေမယ့် ရာသီပြန်စတင်တဲ့ အောက်တိုဘာလကျရင် ခရီးသွားဧည့်သည်တွေနဲ့ ပြန်လည်သက်ဝင်လာကြတယ်လို့ ဒေသခံတွေက စာရေးသူကို ပြောပါတယ်။

ချောင်းသာကမ်းခြေဆိုတာ နှစ်ညအိပ် သုံးရက် အများဆုံးသာ လည်ပတ်ကြတဲ့ ခရီးစဉ်ဒေသတစ်ခုအနေနဲ့ပဲ ဆယ်စုနှစ်ပေါင်းများစွာ တိုင်အောင် ခရီးသည်များကြားမှာ တည်ရှိနေတာပဲ ဖြစ်ပါတယ်။

**ကမ်းခြေပတ်လမ်း**

ချောင်းသာကမ်းခြေနဲ့ တစ်ဆက်တည်း တည်ရှိတဲ့ ရွှေသောင်ယံကမ်းခြေ၊ ဝက်သေကမ်းခြေတို့လည်း ရှိတာမို့ ဧရာဝတီတိုင်းဒေသကြီးရဲ့ ကမ်းခြေပတ်လမ်းဖြစ်လာတာမို့ ဒီကမ်းခြေပတ်လမ်းတစ်လျှောက်မှာ ရင်းနှီးမြှုပ်နှံလာကြတဲ့ ဟိုတယ်တွေလည်း ရှိလာနေပါပြီ။

ကျွန်းပေါ်တစ်နေကုန် လည်ပတ်လည်း ရတယ်။ Lai Lai ကျွန်းကို အများစုကတော့ ကားနဲ့ပဲ သွားရောက်လည်ပတ်ကြပါတယ်။ နေ့တစ်ဝက် ကျွန်းပေါ်မှာနေပြီး ငါးကင်စား၊ ရေကူးတာလည်း ပြုလုပ်နိုင်ပါတယ်။ တံငါရွာတွေဆီ သွားလည်ပတ်ပြီး ရေထွက်ကုန်တွေလည်း ဝယ်ယူနိုင်ပါတယ်။ ရန်ကုန်မြို့ကနေ ကားနဲ့ လာရောက်ရင် ငါးနာရီလောက်သာကြာမြင့်တာမို့ အလွယ်တကူ သွားရောက်လည်ပတ်နိုင်တဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်စေတာက အားသာချက်တစ်ခုဖြစ်စေပါတယ်။

အများစုကတော့ ချောင်းသာကမ်းခြေရောက်ရင် လည်ပတ်ကြတယ်။ ဓာတ်ပုံရိုက်ကူးကြတယ်။ ပင်လယ်စာမျိုးစုံစားမယ်။ ပင်လယ်ဆည်းဆာအလှကြည့်မယ်။ ငါးမျှားမယ်။ ခရုကောက်မယ်။ အပျော်တမ်း ရေကူး၊ ရေငုပ်တာတွေပြုလုပ်မယ်။ ပင်လယ်ပြင်အလှကို ကြည့်ပြီး အပန်းဖြေအနားယူတာတွေ လုပ်ကြပါတယ်။

**သဘာဝအလှတရားများ**

ဒါကြောင့်မို့ ရန်ကုန်မြို့နဲ့လည်း မဝေးလှဘဲ ပင်လယ်ပြင် သဘာဝအလှတရားများကို ပြည့်ပြည့်ဝဝ ခံစားနိုင်စေပြီး အနားယူစေနိုင်ဖို့ မိုးရာသီကာလမှာ ချောင်းသာကမ်းခြေဆီကို သွားရောက်လည်ပတ်ကြဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။

**ဓာတ်ပုံ-WSE**

**"ချောင်းသာကမ်းခြေ ရောက်ဖြစ်ခဲ့ရင် ရွှေသောင်ယံ Sea & Lake Garden နဲ့ Mangrove View Resort၊ ကျောက်မောင်နှမ၊ ဖိုးကုလားကျွန်း၊ နတ်မြွေကျွန်း၊ သဲဖြူကျွန်း၊ နာရီဝက်ကျော်နဲ့ ရောက်နိုင်တဲ့ ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းတို့က ချောင်းသာကမ်းခြေရဲ့ အထင်ကရနေရာတွေ ဖြစ်ပါတယ်"**



Mangrove View Resort



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရဲတပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူဒါန်းမှု လှည့်လည်ကြည့်ရှုအားပေး၊ အာဟာရဖြည့်စွက်စာများ ထောက်ပံ့


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်စဉ်။

စစ်တွေ စက်တင်ဘာ ၂၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးသို့သွားရောက်ပြီး ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ဘုရားကြီးသိမ်တော်ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းပြီး ဘုရားကြီးသိမ်တော်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟိုကိုးနဝင်း ဓာတုဇေစေတီသို့ သွားရောက်၍ ဇေစေတီ သိမ်တော်ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြကာ ဇေစေတီ သိမ်တော်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးအနီးရှိ ရွာကြီးတောင် ရပ်ကွက်ဈေးတွင် ဈေးသူ၊ ဈေးသားများ ဈေးရောင်းချနေမှု၊ ဈေးလာရောက်ဝယ်ယူသူများဖြင့် စည်ကားနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးရောင်းချနေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေကြသည့်လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆေးရုံကြီးဝင်းအတွင်း နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**စုပေါင်းသွေးလှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအောက်ရှိ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ သီးခြားရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ၂၅ ဦး၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအောက်ရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ၄၀ တို့က သွေးအမျိုးအစားမျိုးစုံ ၆၅ လုံးကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန် နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဆက်သွယ်ရေးစနစ်များပြတ်တောက်မှုနှင့် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် ယနေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးခဲ့မှုများကြောင့် ဆက်သွယ်ရေးစနစ်ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆက်သွယ်ရေးစနစ်များ ပြန်လည်ကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှောင်လမ်းတစ်လျှောက်နှင့် ပျဉ်းမနားသကြားစက်လမ်းတို့တွင် ပျက်စီးသွားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းတိုင်နှင့် ကေဘယ်လ်ကြိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ သကြားစက်အနီးရှိ မိုဘိုင်းစခန်းနှင့် ဘောဂသိရိကားကြီးကွင်းအတွင်းရှိ မိုဘိုင်းစခန်းများ ရေကြီးနစ်မြုပ်ခဲ့မှုအခြေအနေများ၊ အစားထိုးပြုပြင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများကို စနစ်တကျ သန့်ရှင်းရေးဆောင်ရွက်ပြီး စစ်ဆေး၍ ပြန်လည်တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ မြေစိုက်ကြိုးစနစ်များကို စစ်ဆေးသွားရန် မှာကြားသည်။

ထို့နောက် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅ မိုင် ၇ ဖာလုံရှိ နဝင်းချောင်းတံတား(အဆုံတံတား)တွင် ပြတ်တောက်သွားသည့် ဖိုင်ဘာကေဘယ်လ်များ ယာယီအစားထိုးပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားပြုပြင်ပြီးပါက ရေရှည်ခိုင်ခံ့ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ပုံမှန်သွယ်တန်းမှုများ ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ကင်းသာလမ်းခွဲမှတစ်ဆင့် တပ်ကုန်း-ပင်လောင်းလမ်းတစ်လျှောက် သွယ်တန်းထားသည့် ဖိုင်ဘာကေဘယ်လ်များ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံရှိ တံတားတွင် ပြတ်တောက်သွားသည့် ဖိုင်ဘာကေဘယ်လ်များအား အစားထိုးသွယ်တန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကေဘယ်လ်ကြိုးများ သပ်ရပ်ခိုင်မာစွာ သွယ်တန်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

**ပခုက္ကူ**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ယနေ့နံနက် ၈ နာရီက ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၁ ဦး၊ မိသားစုဝင် သုံးဦး စုစုပေါင်း ၂၄ ဦးတို့က ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူးနိုင်လင်းဆွေ၊ မြို့မစခန်းမှူး ဒုတိယရဲမှူးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးတို့က လိုက်လံကြည့်ရှုအားပေးပြီး **(အောက်ပုံ)** သွေးလှူရှင်များအတွက် အားဆေးနှင့် ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။ **ဘာမီသာ(ပခုက္ကူ)**





**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံဝင်း၌ ယနေ့နံနက် ၆ နာရီက စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းတို့ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၅ ဦးဖြင့် ဆေးရုံဝင်းအတွင်း/အပြင်တို့တွင် စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **ခရိုင်(ပြန်/ဆက်)**


နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင် ၏ ကြီးကြပ်မှုဖြင့် သရက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ၊ သတင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက်က သရက်မြို့ ရုံးရပ်ကွက် ရွှေသက်လွတ်ဘုရားဝင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရဲပြန်ကြား

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# မြန်မာ့ရိုးရာလက်ဝှေ့အလွတ်တန်းချန်ပီယံ ခုနစ်ချီပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် ကျော်စွာဝင်း ယနေ့ယှဉ်ပြိုင်ထိုးသတ်မည်



**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာမာရှယ်အတ်စ် ဂရု(ပ်)မှ ကြီးမှူးကျင်းပသော နဝမအကြိမ်မြောက် MLWC- မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံ ပြိုင်ပွဲကြီး ခုနစ်ချီပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် ကျော်စွာဝင်းတို့ စက်တင်ဘာ ၂၂ ရက် **(ယနေ့)** မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်က ပြုလုပ်သည့် စာနယ်ဇင်းရှင်းပွဲမှ သိရသည်။

"၂၀၁၆ ကစပြီး နိုင်ငံတကာက မြန်မာ့ရိုးရာလက်ဝှေ့ကို သိလာကြတယ်။ မနှစ်က ပြည်ပလက်ဝှေ့ ကစားသမားတွေနဲ့ မြန်မာကစားသမားတွေနဲ့ ထိုးကြတာပေါ့။ ဒီနှစ်မှာ ပြိုင်ပွဲက တစ်လနောက်ဆုတ်တော့ ထိုးမယ့်ပြည်ပလက်ဝှေ့သမားတွေက ပြိုင်ပွဲတွေတိုက်နေတော့ မြန်မာအချင်းချင်းပဲ စီစဉ်ရတာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲက မြန်မာပြည်ချန်ပီယံလုပွဲမဟုတ်ပါဘူး။ MLWC ရဲ့ ချန်ပီယံလုပွဲပါ။ မြန်မာပြည်ချန်ပီယံပေးတယ်ဆိုတာ ပရိသတ်တွေရဲ့ အားပေးမှုပေါ် ဖြစ်ပါတယ်။ ခုနစ်ချီပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဆုံးဖြတ်ချက်ယူပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီရဲ့ ခွင့်ပြုချက်ရလို့ ခုနစ်ချီပွဲကို လုပ်ရတာဖြစ်ပါတယ်"ဟု မြန်မာ မာရှယ်အတ်စ် ဂရု (ပ်)မှ မန်နေဂျင်း ဒါရိုက်တာ ဦးဝဏ္ဏက ပြောသည်။ အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လွင်နှင့် အမှုဆောင်များ၊ နည်းပြများ၊ ဒိုင်များ၊ ကစားသမားများ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲ၌ အလွတ်တန်းချန်ပီယံလုပွဲ ခုနစ်ချီပြိုင်ပွဲတွင် ထွန်းထွန်းမင်းနှင့် ကျော်စွာဝင်း၊ ငါးချီပြိုင်ပွဲများ၌ ၈၀ ကီလိုတန်းတွင် ရာမာန်နှင့် အောင်ခိုင်၊ ၆၅ ကီလိုတန်းတွင် စိန်လုံးချောနှင့် စူပါရေချမ်း၊ လေးချီပြိုင်ပွဲများ၌ ၆၄ ကီလိုတန်းတွင် စောဘဟိန်းနှင့် မြလုံးချော၊ ၆၀ ကီလိုတန်းတွင် ဆလိုင်းထန်ခွီးရှိန်နှင့် မောင်ဇော်၊ ၆၃ ကီလိုတန်းတွင် အောင်ထက်ကျော်နှင့် အောင်ကိုလတ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၌ ရုံဝင်ကြေး ငွေကျပ်တစ်သောင်း၊ ငွေကျပ်သုံးသောင်း၊ ငွေကျပ်ငါးသောင်း၊ ငွေကျပ်တစ်သိန်း သတ်မှတ်ထားပြီး SKY NET ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# MNL ပြိုင်ပွဲတွင် ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဒဂုံစတားယူနိုက်တက်အသင်း နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**နိုင်ပွဲရယူနိုင်ခဲ့**

ဒဂုံစတား ယူနိုက်တက်အသင်းက ထိပ်ဆုံးသုံးသင်းကို ဆက်လက် ဖိအားပေးနိုင်ရေး၊ မြဝတီအသင်းက တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ရည်မှန်းချက်ကိုယ်စီဖြင့် ကြိုးပမ်းခဲ့ပြီး နှစ်သင်းစလုံး ကစားသမားတစ်ဦးစီ ထုတ်ပယ်ခံရသည်အထိ အပြန်အလှန်ရှိခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်နှစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။



ဒဂုံစတားယူနိုက်တက်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်စဉ်။

**အနီကတ်ဖြင့် ထုတ်ပယ်ခံရ**

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၈ မိနစ်တွင် နောက်ခံလူ ငြိမ်းချမ်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ၄၁ မိနစ်တွင် မြဝတီနောက်ခံလူ မြတ်သူအောင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တစ်ယောက်စီလျော့သွားပြီး နောက်ပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်း အသာရသွားပြီး အနိုင်ဂိုးများကို ၅၆ မိနစ်တွင် ဆွမ်လမန်က ခေါင်းတိုက်ပြီး ပထမဂိုး၊ ၆၆ မိနစ်တွင် အောင်သီဟက ပယ်နယ်တီဧရိယာအတွင်း အပြင်းကန်ချက်ဖြင့် ဒုတိယဂိုးတို့ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတား ယူနိုက်တက်အသင်းမှ အောင်သီဟကရရှိသည်။

ယခုပွဲအပြီးတွင် ဒဂုံစတား ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၂၃ မှတ်၊ မြဝတီအသင်းက ၁၁ ပွဲကစား လေးမှတ်ရရှိထားသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ် (၁၁) တတိယနေ့အဖြစ် စက်တင်ဘာ ၂၂ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MNL**



# နိုင်ငံကူးလက်မှတ်လျှောက်ထားမှုများအတွက် ဆောလျင်စွာ ပြန်လည်ထုတ်ပေးသွားမည်ဟု ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၁**

နိုင်ငံကူးလက်မှတ် လျှောက်ထားမှုများအတွက် ဆောလျင်စွာ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး**(အပေါ်ပုံ)**မှ အသိပေးကြေညာထားသည်။

မြန်မာသံရုံးအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်များ ပျောက်ဆုံး/ပျက်စီး/သက်တမ်းတိုးခြင်းများအတွက် လျှောက်ထားလာမှုများအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်လက်ခံပြီး အသစ်ပြန်လည်ထုတ်ပေးလျက်ရှိရာ သတ်မှတ်ရက်ချိန်းများထက် ပိုမို၍ဆောလျင်စွာထုတ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သံရုံးမှ အသိပေးထားသည်။

သို့ဖြစ်ရာ မြန်မာသံရုံးအနေဖြင့် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း နိုင်ငံကူးလက်မှတ်အသစ်များ လာရောက်ထုတ်ယူရမည့် လျှောက်ထားသူများအား သတ်မှတ်ရက်ချိန်းထက်ဆောလျင်ပြီး စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

လာရောက်ထုတ်ယူသူများအနေဖြင့် မိမိတို့အဆင်ပြေမည့် နေ့ရက်/အချိန်တွင် ကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ရုံးချိန်အတွင်း ရက်ချိန်းဖြတ်ပိုင်းဖြင့် လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာထားသည်။ ထို့အတူ မြန်မာသံရုံးအနေဖြင့် နိုင်ငံကူးလက်မှတ်အသစ်များကို သတ်မှတ်ရက်ချိန်းထက်ပိုမို၍ ဆောလျင်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာသံရုံးသို့ လာရောက်လျှောက်ထားကြသူများအနေဖြင့်လည်း ပူးတွဲတင်ပြရန်လိုအပ်သော သတ်မှတ်ထားသည့် စာရွက်စာတမ်း/အထောက်အထားများကို အပြည့်အစုံယူဆောင်လာကြခြင်းဖြင့် စိစစ်လက်ခံရာတွင် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်တိုက်တွန်းကြောင်းလည်း ဖော်ပြထားသည်။

လိုအပ်သည့် စာရွက်စာတမ်းများ၊ အခြားသိရှိလိုသည့် အကြောင်းအရာများကို မြန်မာသံရုံး၏ Website ဖြစ်သည့် https://meseoul.org တွင် ဝင်ရောက်လေ့လာနိုင်ကြောင်းလည်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

**MT**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယဆယ်ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

စက်တင်ဘာ ၂၂ ရက် (ယနေ့) မှာ ပရီမီယာလိဂ်ပွဲစဉ် (၅) မှ ဘရိုက်တန်နဲ့ နော့တင်ဟမ်ဖောရက်စ်၊ မန်စီးတီးနဲ့ အာဆင်နယ်စတဲ့ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းတွေ ရလဒ်ကောင်း ဆက်လက်ရယူသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# မန်စီးတီးရဲ့ နိုင်ပွဲဆက်မှုကို အာဆင်နယ်ရပ်တန့်သွားနိုင်မလား...




■ ယမန်နှစ်ရာသီက မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## ဘရိုက်တန် VS ဖောရက်စ်

ဘရိုက်တန်ရော နော့တင်ဟမ်ဖောရက်စ်အသင်းပါ ဒီရာသီမှာ ခြေစွမ်းကောင်းအချို့ ပြသထားနိုင်တာ တွေ့ရတယ်။ နှစ်သင်းကြား ခြေစွမ်းမှာ ဘရိုက်တန်က တိုက်စစ်ပိုင်းမှာ သာလွန်မှုရှိတာ တွေ့ရတယ်။ ဒါပေမယ့် ဖောရက်စ်အသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ နာမည်ကြီး လီဗာပူးလိုအသင်းကိုတောင် တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရအောင် စွမ်းဆောင်ထားနိုင်တယ်။ ဘရိုက်တန်အသင်းကလည်း မန်ယူကို နိုင်ပြီး အာဆင်နယ်ကို သရေကျအောင် ကစားထားနိုင်တယ်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

## မန်စီးတီး VS အာဆင်နယ်

ပွဲစဉ် (၄) ပြီးတဲ့အထိ မန်စီးတီးအသင်းက ရာနှုန်းပြည့်နိုင်ပွဲနဲ့အတူ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်တယ်။ အာဆင်နယ်အသင်းက လေးပွဲမှာ တစ်ပွဲသရေကျထားတာကြောင့် မန်စီးတီးကို အနီးကပ်ဖိအားပေးနေတဲ့ အသင်းဖြစ်တယ်။ မည်သို့ပင်ဆိုစေ ဒီနှစ်သင်းနောက်ဆုံး သုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ အာဆင်နယ်အသင်းက အသာရထားတယ်။ ဒါပေမယ့်လည်း ကစားပုံ အကောင်းဆုံးပုံစံမှာရှိပြီး ခြေစွမ်းပြနေတဲ့ အဓိကတိုက်စစ်ကစားသမား ဟာလန်း ဦးဆောင်ပွဲထွက်လာမယ့် မန်စီးတီးအသင်းရဲ့ တိုက်စစ်ကို အာဆင်နယ်အသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ခက်မယ်။

# ဝါဒါဘရီမင်ကို ဂိုးပြတ်အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲ ဘိုင်ယန်မြူးနစ် ထိန်းသိမ်းနိုင်ခဲ့

ဘွန်ဒက်စ်လီဂါပွဲစဉ် (၄)မှ ဝါဒါဘရီမင်နှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို ဝါဒါဘရီမင်အသင်းအိမ်ကွင်း၌ စက်တင်ဘာ ၂၁ ရက် ည ၈ နာရီက ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၄၂ ၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ဝါဒါဘရီမင်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှုပင် လုပ်ဆောင်နိုင်စွမ်းမရှိဘဲ ဂိုးပြတ် ဂိုးရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ဂိုးပြတ်နိုင်ပွဲရရှိကာ လေးပွဲကစားပြီး ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို အိုလစ်၊ မူစီယေလာ၊ ကိန်းနှင့် ဂနာဘရီတို့က သွင်းယူပေးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့် စက်တင်ဘာ ၂၈ ရက်တွင် နည်းပြအလွန်ဆို၏ လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ပြိုင်ဘက် ဝါဒါဘရီမင်အသင်းက စက်တင်ဘာ ၂၉ ရက်တွင် ဟော်ဖန်ဟိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဘွန်ဒက်စ်လီဂါပွဲစဉ် (၄)မှ အခြားသော ပွဲစဉ်ရလဒ်များတွင် မိန့်ဇ်က အော့စ်ဘတ်ကို သုံးဂိုး -နှစ်ဂိုး၊ ဖရိုင်းဘတ်က ဟိုင်ဒင်ဟိမ်းကို သုံးဂိုး-ဂိုးမရှိ၊ ယူနီယံဘာလင်က ဟော်ဖန်ဟိန်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘိုချန်နှင့် ဟိုးလ်စတိန်းကီးလ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။



ဝါဒါဘရီမင်အသင်းဘက်သို့ ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဂနာဘရီ ဂိုးသွင်းယူစဉ်။

# ကိုရီးယားအိုးပင်းပြိုင်ပွဲမှ ဒဏ်ရာကြောင့် ရာဒူကာနူ ထွက်ခွာရပြီ

ဗြိတိန်နံပါတ် ၂ တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် ကိုရီးယားအိုးပင်းအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ကာဆတ်ကီနာနှင့် တွေ့ဆုံခဲ့ရာ ၆-၁ ရှုံးနိမ့်နေချိန်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိတော့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် ရာဒူကာနူသည် ကိုရီးယားအိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ပေတန်စတန်းစ်ကို ၇-၆ (၇-၄)၊ ၇-၆ (၇-၅) ရလဒ်ဖြင့် လည်းကောင်း၊ ၁၆ ဦးအဆင့်တွင် ယွန်ကို ၆-၄၊ ၆-၃ ရလဒ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ရာဒူကာနူသည် ဩဂုတ်လတွင် ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ပြိုင်ဘက်ကို ရှုံးနိမ့်ပြီးနောက် ကိုရီးယားအိုးပင်းပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။

ကိုရီးယားအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ရုရှားတင်းနစ်မယ် ကာဆတ်ကီနာနှင့် ဘရာဇီးတင်းနစ်မယ် ဟာဒက်မာရီယာတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။



## လာလီဂါ ပွဲစဉ် (၆) အလာဗက်စ်က ဆီဗီလာကို နိုင်

စပိန်လာလီဂါပွဲစဉ် (၆) အဖြစ် စက်တင်ဘာ ၂၁ ရက် နံနက် ၁ နာရီခွဲက အလာဗက်စ်နှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလာဗက်စ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဆီဗီလာအသင်းသည် ပြိုင်ဘက်အသင်းကို ခြေစွမ်းအသာဖြင့် ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးအချို့ကို အမိအရအသုံးချနိုင်ခြင်း မရှိခဲ့သည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဆီဗီလာအသင်းသည် ယခုရှုံးနိမ့်မှုကြောင့် လာလီဂါပွဲစဉ် (၆) အပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ် ရရှိထားပြီး ပြိုင်ဘက် အလာဗက်စ်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံး ရလဒ် ရရှိထားသည်။

■ မိုးဇက် - စုစည်းသည်

❖ကျောဖုံးမှ

ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဂျက်ဆင်နှင့် ပဲလ်မာတို့က သွင်းယူပေးနိုင်ခဲ့သည်။

ချယ်ဆီးအသင်း၏ ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းတွင် မန်ယူအသင်းမှပြောင်းရွှေ့သွားသည့် တောင်ပံတိုက်စစ်ကစားသမား ဆန်ချိုပါဝင်လာခဲ့ပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းတွင်လည်း မန်ယူမှ ပြောင်းရွှေ့သွားသည့် ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာ ပွဲထွက် ၁၁ ဦး စာရင်းတွင် ပါဝင်လာခဲ့သည်။

### ဂိုးပေါက်ခြိမ်းခြောက်မှုနည်း

ဝက်စ်ဟမ်းအသင်းသည် ဂိုးပေါက်ခြိမ်းခြောက်မှုအပိုင်းတွင် ချယ်ဆီးအသင်းထက် သာလွန်မှုရှိခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှုမရှိခဲ့ပေ။ ချယ်ဆီးအသင်းက ပြိုင်ဘက်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှုနည်းသည့်တိုင် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု ငါးကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့ပြီး အရေးပါသည့် သွင်းဂိုးများကို သွင်းယူနိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် စက်တင်ဘာ ၂၆ ရက်တွင် အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲအဖြစ် နာမည်ကြီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ပြိုင်ဘက်ချယ်ဆီးအသင်းက လိဂ်တူးကလပ် ဘော်ရီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

### အခြားသော ပွဲစဉ်ရလဒ်များ

ပရီမီယာလိဂ်ပွဲစဉ် (၅)မှ အခြားသော ပွဲစဉ်ရလဒ်များတွင် စပါးက ဘရန့်ဖို့ဒ်ကို သုံးဂိုး- တစ်ဂိုး၊ လီဗာပူးက ဘုန်းမောက်ကို သုံးဂိုး- ဂိုးမရှိ၊ ဖူလ်ဟမ်က နယူးကာဆယ်ကို သုံးဂိုး- တစ်ဂိုး၊ အက်စ်တွန်ဗီလာက ဝုဖ်ကို သုံးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး လက်စတာနှင့် အဲဗာတန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သလို ဆောက်သမ်တန်နှင့် အစ်ဆွစ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အောင်ဇော်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၄၆၄၃၈)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်) ၌ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၄၈၃၅၆၉)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၃၀၀၀၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင်တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၈၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၂) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၈၇၉၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၇၉၇၂၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၇၉၇၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၂၉၇၇၂၁ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*

ဂိုးသမား- ဟန်မြင့်မြတ်ထွန်း (မဟာယူနိုက်တက်)၊ စောအယ်လ်ဒိုထူး (Dagon Port ယူ-၂၀)၊ စောကျော်ခန့်နို (ဧရာဝတီယူနိုက်တက်) နောက်တန်း- အောင်မြင့် (အား/ကာသိပ္ပံ)၊ လွှမ်းထက်ထွန်း၊ ခွန်းချိုထူး (ရန်ကုန်ယူနိုက်တက် ယူ-၂၀)၊ ခန့်ဇင်ဟိန်း (မဟာယူနိုက်တက်)၊ လတ်ဝေဘုန်း (ဟံသာဝတီယူနိုက်တက်)၊ ဖြိုးပြည့်စုံ (ရန်ကုန်ယူနိုက်တက်)၊ ဆင်မြူရယ်ပိုင်ကီး (ရတနာပုံ)၊ ရဲကောင်းဆက် (သစ္စာအားမာန်)၊ အလယ်တန်း - ကောင်းခန့်ကျော် (ရန်ကုန်ယူနိုက်တက် ယူ-၂၀)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ နိုင်အောင်ဆန်း ( Dagon Port ယူ-၂၀)၊ နိုင်ဝင်းထွန်း (သစ္စာအားမာန်)၊ စောလင်းထက်ပိုင် (ရခိုင်ယူနိုက်တက်)၊ ဇော်မျိုးထွန်း (ဒဂုံစတားယူနိုက်တက်)၊ ရှေ့တန်း- မောင်တော့ပ် (ဒဂုံစတား ယူ-၂၀)၊ စောဆဲကပေါ်ဆေး (အား/ကာသိပ္ပံ)၊ ရှိုင်းဝဏ္ဏအောင် (သစ္စာအားမာန်)၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ ဝင်းပြည့်မောင် (အား/ကာသိပ္ပံ)နှင့် ဖွဲ့မာန်သာ (ဟံသာဝတီ) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

## မိုးနဲမြို့နယ်၌ မျိုးကောင်းမျိုးသန့် ဒေသန္တားမများပေးအပ်

**မိုးနဲ စက်တင်ဘာ ၂၁**

မိုးနဲမြို့နယ်၌ မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်ဒေသန္တားမများ ပေးအပ်ခြင်းကို ပန်အူကျေးရွာ၌ စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ရာ နမ့်စန်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အမ်ဇော်မိုင်နှင့် မြို့နယ်မွေးမြူရေးဘဏ် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် နွားစာအဖြစ်စိုက်ပျိုးရန် မွန်ဘားဆားမြက် မျိုးစေ့များကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ပြီး မွေးမြူမည့်တောင်သူ ၁၀ ဦးအား မျိုးကောင်းမျိုးသန့် ဒေသန္တားမ ၁၀ ကောင်ကို ပေးအပ်သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကယားပြည်နယ် ဝန်ကြီးချုပ် တောင်ကွဲစေတီတော်မြတ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်မွမ်းမံရေး၊ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်မှုများ လှည့်လည်ကြည့်ရှု



**လွိုင်ကော် စက်တင်ဘာ ၂၁**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က သီရိမင်္ဂလာ တောင်ကွဲစေတီတော်မြတ်သို့ ရောက်ရှိကာ စေတီတော် ပုရိဝုဏ်တစ်ဝိုက် လှည့်လည်ကြည့်ရှုပြီး ဝန်ကြီးချုပ်က ယခုနှစ်ပွင့်လင်းရာသီမှစတင်ပြီး တောင်ကွဲစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး၊ အာရုံခံတန်ဆောင်းများ၊ ဇရပ်များ၊ နားနေဆောင်များစသည်တို့ကို ဘက်စုံပြုပြင်မွမ်းမံရေး၊ ဓာတ်လှေကားအား မီးပျက်ပါက မီးစက်ဖြင့် အသုံးပြုနိုင်ရေး၊ တောင်ကွဲစေတီတော် တောင်တော် ပုရိဝုဏ်အား သန့်ရှင်းသာယာလှပရေး စသည်တို့ ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးပြီး ဘုရားဂေါပက အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ မိုးကောင်းဘုရားကြီးနှင့် မနော မယရန်အေးငြိမ်းစေတီတော်သို့ ရောက်ရှိပြီး သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ဝန်ကြီးချုပ်က လျှောင်းတော်မူ ဘုရားကြီးအား သင်္ကန်းအသစ်ကပ်လှူရေးနှင့် ရုပ်ပွားတော်အား ရေဆေးမွမ်းမံပူဇော်ရေး၊ တန်ဆောင်းအား ပြုပြင်မွန်းမံရေး ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများ လှည့်လည်ကြည့်ရှုအားပေးပြီး မြို့နယ်အတွင်း သီရိမင်္ဂလာဈေးအတွင်း ရေကြီးရေလျှံဖြစ်ပေါ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ဝန်ကြီးချုပ်က ပြည်သူများ စိတ်အေးချမ်းသာယာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဈေးအား နေ့စဉ်ဖွင့်လှစ်ပေးနိုင်ရေး၊ ဈေးပတ်ဝန်းကျင်တွင် ရေကြီးရေလျှံမှုအတွက် ရေထိန်းနေရာများ ပြုလုပ်ရေးနှင့် အဝင်အထွက်လမ်းများ ကောင်းမွန်ရေး ပြုပြင်သွားရန်တို့ကို မှာကြားသည်။ ဆက်လက်၍ ကန္ဒရဝတီတံတား ရေကျော်နေမှုနှင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဝန်ကြီးချုပ်က ပြည်သူများ ရေလွတ်ရာလမ်းများမှ အဆင်ပြေစွာသွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများ ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် သာသနဗိမာန်တော်ကြီးတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် ချက်ပြုတ်ကျွေးမွေးနေသည့် နေရာများကို လှည့်လည်ကြည့်ရှုပြီး ဝန်ကြီးချုပ်က သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များ ဖြစ်စေရေး၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျဆောင်ရွက်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ကြိုတင်ဆောင်ရွက်ရေး၊ အလှူရှင်များက လှူဒါန်းသည့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများ မျှတစွာရရှိရေး စသည်တို့ကို ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# နတ်မောက်ရေလှောင်တမံရေပိုလွှဲမှ ၄ ဒသမ ၅ ပေ ရေကျော်ကျလျက်ရှိ



**နတ်မောက် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ စက်တင်ဘာလဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ဆည်ရေတိုင်းထွာချက်အရ ရေပြည့်အမှတ်ထက် ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

နတ်မောက်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၈၃ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၈၇ ဒသမ ၅ ပေရှိသည့်အတွက် ရေပိုလွှဲမှ ၄ ဒသမ ၅ ပေ ရေကျော်ကျလျက်ရှိရာ ဆည်၏ဆက်စပ်အဆောက်အအုံများမှာ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာ အခြေအနေမရှိကြောင်းနှင့် ဆည်အောက်ပိုင်းချောင်းတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူထံက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ် အထက်ဆက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အက်တမ် (ATOM) မှ ရေဘေးသင့်ဒေသများသို့ ပံ့ပိုးကူညီရန်နှင့် ပြန်လည်ထူထောင်ရေးအတွက် ကျပ်သိန်းပေါင်း ၁၀၀၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

အက်တမ် (ATOM) သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများသို့ ပံ့ပိုးကူညီရန်နှင့် ပြန်လည်ထူထောင်ရေးအတွက် မတည်ငွေကျပ် သိန်းပေါင်း ၁၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုလို လှူဒါန်းမှုနှင့်ပတ်သက်၍ အက်တမ် (ATOM) ၏အမှုဆောင်အရာရှိချုပ် Mr. Ahmad Abdallah က "အခုလို ရေကြီးမှုကြောင့် ဖြစ်ပွားခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေအတွက် အက်တမ် (ATOM) က များစွာ စိတ်မကောင်းဖြစ်ရပြီး ပြည်သူတွေနဲ့အတူ တစ်သားတည်းရပ်တည်သွားမယ့်အပြင် လိုအပ်သလို ကူညီထောက်ပံ့မှုတွေ ပေးသွားဖို့လည်း ရည်မှန်းထားပါတယ်။ အက်တမ် (ATOM) ရဲ့ မြန်မာငွေကျပ် သိန်းပေါင်း ၁၀၀၀၀ လှူဒါန်းမှုကနေတစ်ဆင့် ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးနဲ့ လိုအပ်တဲ့ အကူအညီတွေ ပေးအပ်နိုင်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ကြီးမားတဲ့ အကူအညီတစ်ခုဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

ထိုသို့ ငွေကြေးလှူဒါန်းထောက်ပံ့မှုအပြင် ရေဘေးသင့်ဒေသများမှ အက်တမ် (ATOM) အသုံးပြုသူများအတွက် ၇၈၈၇ Hotline ဖုန်းနံပါတ်ဖြင့် အခမဲ့ ကျန်းမာရေးဆွေးနွေးတိုင်ပင်နိုင်သည့် ဝန်ဆောင်မှုရယူနိုင်ပြီး၊ ရေဘေးအတွက် အက်တမ် (ATOM) ဖုန်းဘေလ်ဖြင့် မိမိပါဝင်လှူဒါန်းလိုသည့်ပမာဏကို ၆၆၆၆ သို့ SMS စာတိုပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် အသုံးပြုသူများလှူဒါန်းသည့် ပမာဏ၏ ဆတူထပ်ဆောင်းကာ အက်တမ် (ATOM) မှ ပါဝင်လှူဒါန်းမှုဖြင့် ထောက်ပံ့မှုနှစ်ဆ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကဏ္ဍနှင့်ပတ်သက်၍ အက်တမ် (ATOM) ၏ ကော်ပိုရိတ်ရေးရာ အမှုဆောင်အရာရှိချုပ် ဦးသိန်းဟုတ်က "ကျွန်တော်တို့ရဲ့ အသုံးပြုသူ Customer တွေကို လူမှုအသိုင်းအဝိုင်းတွေ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုမှာ ပါဝင်ပြီးကူညီပေးနိုင်ဖို့လည်း ဖိတ်ခေါ်လိုက်ရပါတယ်။ လှူဒါန်းမှုတိုင်းက အကောင်းဆုံးသက်ရောက်မှု ရှိလာနိုင်ပြီးတော့ အက်တမ် (ATOM) အနေနဲ့ အသုံးပြုသူ Customer တွေရဲ့ စာတိုပေးပို့လှူဒါန်းငွေတိုင်းရဲ့ နောက်ထပ်တစ်ဆကိုလည်း ပေါင်းထည့်လှူဒါန်းပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အက်တမ် (ATOM) သည် ၂၀၂၂ ခုနှစ်၊ ဇွန်လမှစတင်ကာ ယခုကဲ့သို့ လူမှုအကျိုးပြု လုပ်ငန်းများစွာအတွက် စုစုပေါင်း မြန်မာငွေကျပ်သိန်းပေါင်း ၄၀၀၀၀ (မြန်မာငွေကျပ် လေးဘီလီယံ) ကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မော်တော်ယာဉ်မောင်းနှင့်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ထားဝယ်မြို့တွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော



ထားဝယ် စက်တင်ဘာ ၂၁

ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက သန်းခေါင်စာရင်း ကောက်ယူရသည့် အဓိကရည်ရွယ်ချက်ကို ပြောကြားပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများက သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ပြန်လည်ဖြေကြားပြီး ထားဝယ်ခရိုင် သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသက်စိုးက သန်းခေါင်စာရင်းကောက်ယူရေး အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးသင့်ကျေးရွာ ၄၃ ရွာရှိ စက်ရေတွင်း ၁၂၀၀ ကျော်ကို တွင်းဆေးလေမှုတ်ခြင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၁

